အရိယ သစ္စာန ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ၊ မြတ်စွာဘုရားဟောကြားတော်မူသော သစ္စာလေးပါးတရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်၊ ၂၀၀၄ ခုနှစ်၊ မေ ၂၉ ရက်၊ စနေနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၃၉)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သာသနာရေးဝန်ကြီးဌာနသို့ အလှူငွေပေးအပ်လှူဒါန်းပွဲတက်ရောက်

ရန်ကုန် မေ ၂၈

သာသနာရေးဝန်ကြီးဌာနသို့ အလှူရှင်များက အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြသည့်သူ

အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ မြသိန်းတန်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘနနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တကေသရတို့ အမှူးပြုသော အဖွဲ့ဝင်ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊

စာမျက်နှာ ၉ ကော်လံ ၁ ●

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိပိဋက ပါဠိ–မြန်မာအဘိဓာန်ကျမ်းကြီး အင်္ဂလိပ်ဘာသာပြန်ဆိုရေးအဖွဲ့ငါးဖွဲ့ ဖွဲ့စည်းထား ဘာသာပြန်ဆိုရေးလုပ်ငန်းပမာဏကြီးမား၍ ကျွမ်းကျင်ပညာရှင်ကြီးများဖိတ်ခေါ်အင်အားဖြည့် နိုင်ငံတော်အစိုးရအနေဖြင့် လုပ်ငန်းအောင်မြင်ရေးလိုအပ်ချက်များပံ့ပိုးဖြည့်ဆည်းပေးမည်

ရန်ကုန် မေ ၂၈

သာသနာရေးဝန်ကြီးဌာန တိပိဋက ပါဠိ–မြန်မာအဘိဓာန်ကျမ်းကြီးများ အင်္ဂလိပ်ဘာသာပြန်ဆိုရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဇဗုဒိဆောင်အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ဆွေးနွေးမှာကြားသည်။ (အပေါ်ပုံ)

အစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်တက္ကသိုလ် မြန်မာစာအဖွဲ့၊ ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းပညာဌာန၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)နှင့် (မန္တလေး)တို့မှ ပညာရှင်များနှင့်အတူ ဖိတ်ကြားသူများ တက်ရောက်ကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

အဘိဓာန်ကျမ်းပြုဖွဲ့စည်း

အစီအစဉ်အရ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က တိပိဋက ပါဠိ–မြန်မာ အဘိဓာန်ကျမ်းကြီးများ အင်္ဂလိပ်ဘာသာပြန်ဆိုရေးလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင်

စာမျက်နှာ ၃ ကော်လံ ၁ ▼

အမျိုးသားညီလာခံအစုအဖွဲ့များအစည်းအဝေး ဆက်လက်ကျင်းပ ကဏ္ဍအလိုက်ရှင်းလင်းတင်ပြချက်အပေါ် အကြံပြုစာတမ်းတင်သွင်း

ရန်ကုန် မေ ၂၈

အမျိုးသားညီလာခံ အစုအဖွဲ့များဖြစ်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင် အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့တို့၏ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ ဆက်လက်ကျင်းပရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ■

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ အာဘော်
(၂၀၀၄ ခုနှစ်၊ မေလ ၂၉ ရက်)

စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်စေရေး လမ်းနှင့်တံတားများ ဆက်လက်တိုးချဲ့တည်ဆောက်

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ဘက်စုံထောင့်စုံ ကဏ္ဍစုံမှ အရှိန်အဟုန်ဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

နိုင်ငံတစ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးသည် ပဓာနကျသည့် လိုအပ်ချက်ဖြစ်သည်။ လမ်းနှင့်တံတားသည် နိုင်ငံ့အင်အားဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်၏ အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် ပြည်ထောင်စု၏အစိတ်အပိုင်းအားလုံး ဆက်သွယ်မိစေရန် မဟာဗျူဟာချမှတ်ပြီး ကားလမ်းနှင့် ရထားလမ်းများကို တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက နိုင်ငံတော်တစ်ဝန်းလုံးတွင် ပြည်ထောင်စုလမ်းမကြီးပေါင်း ၈၀ အပါအဝင် လမ်းနှင့်တံတားများကို အရှိန်အဟုန်ဖြင့် ဖောက်လုပ် တည်ဆောက်ပေးလျက်ရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ယခုအခါ တစ်ပြည်လုံးအတိုင်းအတာဖြင့် ကတ္တရာလမ်း ၈၈၂၈ မိုင် ၄ ဖာလုံ၊ ကျောက်ချောလမ်း ၃၂၆၄ မိုင်၊ အမာခံလမ်း ၃၁၁၂ မိုင် ၃ ဖာလုံ၊ မြေသားလမ်း ၃၂၃၀ မိုင် ၆ ဖာလုံ စုစုပေါင်း ၁၈၄၃၅ မိုင် ၅ ဖာလုံ ဖောက်လုပ်ပေးခဲ့ပြီး ဖြစ်သည်။

၁၉၈၈ ခုနှစ်နှင့်စာလျှင် စုစုပေါင်း ၄၈၀၀ မိုင်နှင့် ၅ ဖာလုံ တိုးတက်ဖောက်လုပ်ပေးနိုင်ခဲ့သည်ကို တွေ့ရသည်။

လမ်းများကို တိုးချဲ့ဖောက်လုပ်ပေးသည်နှင့်အမျှ ယင်းလမ်းများပေါ်၌ တွေ့ရသည့် မြစ်ချောင်းအင်းအိုင်များကိုဖြတ်ကျော်ပြီး တံတားကြီးများကိုလည်း တည်ဆောက်ပေးခဲ့သည်။

၁၉၈၈ ခုနှစ်မှ ယနေ့အထိ ပေ ၁၈၀ နှင့်အထက် မြစ်ကူးချောင်းကူးတံတားကြီးများကို တည်ဆောက်ပေးခဲ့ရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အစင်း ၁၇၀၊ မြန်မာ့မီးရထားက ခြောက်စင်း၊ တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့က ခုနစ်စင်း စုစုပေါင်း ၁၈၃ စင်း အောင်အောင်မြင်မြင် တည်ဆောက်ပေးနိုင်ခဲ့သည်။

ထို့အပြင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်အရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန လက်အောက်ရှိ စည်ပင်သာယာရေးအဖွဲ့များက ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။

စည်ပင်သာယာရေးအဖွဲ့များက ယခုအခါ ကတ္တရာလမ်းအနေဖြင့် မြို့ပြဒေသတွင် မိုင် ၈၄၀၊ ကျေးလက်ဒေသတွင် ၂၈၁ မိုင်၊ ကျောက်လမ်းအနေဖြင့် မြို့ပြဒေသတွင် ၂၇၁ မိုင်၊ ကျေးလက်ဒေသတွင် ၁၃၀၅ မိုင်၊ ဂဝံလမ်းအနေဖြင့် မြို့ပြဒေသတွင် ၉၂ မိုင်၊ ကျေးလက်ဒေသတွင် ၇၁၃ မိုင်၊ မြေလမ်းအနေဖြင့် မြို့ပြဒေသတွင် ၄၈၉ မိုင်၊ ကျေးလက်ဒေသတွင် ၁၂၂၆ မိုင်၊ ကွန်ကရစ်တံတားအနေဖြင့် မြို့ပြဒေသတွင် ၂၈၅ စင်း၊ ကျေးလက်ဒေသတွင် ၂၁၈ စင်း၊ သစ်သားတံတားအနေဖြင့် မြို့ပြဒေသတွင် ၁၉၄ စင်း၊ ကျေးလက်ဒေသတွင် ၄၂၉ စင်း၊ ရေပြွန်အနေဖြင့် မြို့ပြဒေသတွင် ၄၈ ခု၊ ကျေးလက်ဒေသတွင် ၁၃၁ ခု တည်ဆောက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော်တစ်ဝန်းလုံးတွင် လမ်း၊ တံတားများကို လက်ယှက်ထိုးဆက်သွယ်မိစေရန် တည်ဆောက်ဖောက်လုပ်ပေးနိုင်ခဲ့သဖြင့် ဒေသအသီးသီးတွင် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍအသီးသီးသည် ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရသည်။ တိုင်းရင်းသားအချင်းချင်းသည်လည်း ကူးလူးယှက်နွယ် ချစ်ကြည်သွယ်နိုင်ခဲ့ကြသဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ် ပိုမိုခိုင်မာလာစေလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်ဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းနှင့်တံတားများကို ဆက်လက်တိုးချဲ့တည်ဆောက်သွားနိုင်မည်ဟု ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက တရုတ်နိုင်ငံရုပ်ရှင်အဖွဲ့အား ညစာတည်ခင်း ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက်ချီးမြှင့်

ရန်ကုန် မေ ၂၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ နှစ်နိုင်ငံရုပ်ရှင်နယ်ပယ်အကြား ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် မြန်မာနိုင်ငံတွင် လေ့လာရေးခရီးရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရုပ်ရှင်ပညာရှင်များအသင်းမှ အတွင်းရေးမှူးချုပ် Mrs. Liu Xiuwen ခေါင်းဆောင်သော လေ့လာရေးအဖွဲ့ဝင်များအား မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲကို ယမန်နေ့ည ၇ နာရီခွဲက ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

ညစာစားပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး စိုးဝင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ရုံးအဖွဲ့မှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးစိန်တင်၊ ဒုတိယဥက္ကဋ္ဌ ဦးကြီးမြင့်၊ အတွင်းရေးမှူး ဦးကျော်သူ၊ တွဲဖက်အတွင်းရေးမှူးများနှင့် အမှုဆောင်များ၊ ရုပ်ရှင်သရုပ်ဆောင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရုပ်ရှင်ပညာရှင်များအသင်းမှ အတွင်းရေးမှူးချုပ် Mrs. Liu Xiuwen ခေါင်းဆောင်သော လေ့လာရေးအဖွဲ့ဝင်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမြင်ချင်းဖလှယ်

ညစာစားပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရုပ်ရှင်ပညာရှင်များအသင်းမှ လေ့လာရေးအဖွဲ့ဝင်များသည် ရုပ်ရှင်နယ်ပယ်မှ အတတ်ပညာနှင့် အတွေ့အကြုံများကို ရင်းနှီးစွာ အမြင်ချင်း ဖလှယ်ကြသည်။

ညစာ သုံးဆောင်အပြီးတွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်တင်က Mrs. Liu Xiuwen ခေါင်းဆောင်သော လေ့လာရေးအဖွဲ့အား အမှတ်တရလက်ဆောင်များကို ပေးအပ်သည်။ **(သတင်းစဉ်)**

ရန်ကင်းမြို့နယ် ပြည်သာယာ ရွှေပြည်ဟိန်း ကျန်းမာရေး ယာဉ်အလှူအသင်းအတွက် စေတနာရှင်နဒီ(လန်ဒန်)၏ လှူဒါန်းသော အလှူတော်ငွေ ကျပ်တစ်သိန်းကို အကျိုးဆောင် ဒေါ်ခင်မြဆွေက မေ ၂၇ ရက်၌ လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော် အရှင် ခေမာသီရိ လက်ခံရရှိ ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (က-ပ)

ရန်ကုန်အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၃/၂၀၀၄) သင်တန်းဆင်းပွဲကို မေ ၂၁ ရက်က သဃ်န်းကျွန်း အထက(၂) ကျောင်းသင်တန်းခန်းမ၌ ကျင်းပရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်) စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန ညွှန်ကြားရေးမှူး ဦးအေးထွန်းက သင်တန်းဆင်း အမှာစကားပြောကြားစဉ်။ (ဝ၅၂)

တာမွေမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အထက(၂) တာမွေ၌ ကျင်းပ

ရန်ကုန် မေ ၂၈

၂၀၀၄-၂၀၀၅ ပညာသင်နှစ် အမှတ်(၃) အခြေခံပညာဦးစီးဌာန ရန်ကုန်မြို့တော် ကျောင်းနေအရွယ် ကလေးကျောင်းအပ်နှံရေး စီမံချက်ဝင်မြို့နယ်ဖြစ်သည့် တာမွေမြို့နယ် လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက အထက(၂) တာမွေ (အုန်းတော)ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၃) အခြေခံပညာဦးစီးဌာန ရန်ကုန်မြို့တော်မှ ဒုတိယညွှန်ကြားရေးမှူး(ပညာ) ဦးနု၊ မြို့နယ်ကျောင်းအပ်နှံရေး ဦးစီးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးတို့က တက်ရောက် အမှာစကားပြောကြားကြပြီး အမှတ်(၃) အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်တွင်းရှိ အလှူရှင်များက အလှူငွေများနှင့် ကျောင်းသုံးစာအုပ် စာရေးကိရိယာများအား မြို့နယ်ဥက္ကဋ္ဌသို့ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းပေါင်း ၃၄ ကျောင်းတို့မှ ကျောင်းနေရန် အခက်အခဲရှိသည့် ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ) (က-ပ)**

သင်္ဂြိုဟ်မေးကွက် အတွဲ(၁) ကျမ်းစာအုပ်များလှူဒါန်း

ရန်ကုန် မေ ၂၈

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မသုခကျောင်းတိုက် အောင်သိဒ္ဓိကျောင်း စာချကထိက အာဂုံဆောင်ကျမ်းများကျမ်းပြုရှင်စန္ဒဓောတိ (ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်) အရှင်မြတ် ရေးသားပြုစုထားသော သင်္ဂြိုဟ်မေးကွက် အတွဲ(၁) ကျမ်းစာအုပ်များကို ကျမ်းပြုဆရာတော် ကိုယ်တိုင် စာသင်တိုက်များသို့ ဆရာကိုင်အဖြစ်လှူဒါန်းပွဲကို ၁၃၆၆ခုနှစ် နယုန်လဆန်း ၉ရက် (မေ၂၇ရက်)တွင် အောင်သိဒ္ဓိကျောင်း၌ကျင်းပရာ တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်နှင့် ပျဉ်းမနားမြို့မှ စာသင်တိုက် ဆရာတော်များကိုယ်စား တပ်ကုန်း ဦးဓမ္မသာမိက လက်ခံရယူကြောင်းသိရသည်။ **(က-ပ)**

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

▼ **ရှေ့ဖုံးမှ**

ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ် ပါဠိတော် အဋ္ဌကထာဋီကာကျမ်းများကို လေ့လာသင်ကြားတတ်မြောက်လိုသူများအတွက် တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းကြီးများ လိုအပ်လာကြောင်း၊ ယင်းလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရန်အတွက် တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းကြီးများပြုစုရေးသားထုတ်ဝေနိုင်ရန် အောက်ဖော်ပြပါ အဘိဓာန်ကျမ်းပြုအဖွဲ့များကိုဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ ၎င်းတို့မှာ-

ဇမ္ဗူဒီပအဘိဓာန်အဖွဲ့ (ရန်ကုန်မြို့)
မစိုးရိမ်အဘိဓာန်အဖွဲ့ (မန္တလေးမြို့)
မဟာဝိသုဒ္ဓါရုံအဘိဓာန်အဖွဲ့ (မန္တလေးမြို့)
ဒက္ခိဏာရာမဘုရားကြီးတိုက် အဘိဓာန်အဖွဲ့ (မန္တလေးမြို့)
မဟာဝိသုတာရာမ အဘိဓာန်အဖွဲ့ (ပခုက္ကူမြို့) တို့ဖြစ်ကြောင်း။

တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းကြီးများကို ရေးသားပြုစုရေးအဖွဲ့များက ပြုစုရေးသား၍ ပုံနှိပ်ထုတ်ဝေပြီး အဘိဓာန်ကျမ်းကြီးများမှာ ၁၈အုပ်ဖြစ်ကြောင်း၊ ပြုစုဆဲ အဘိဓာန်ကျမ်းကြီးလေးအုပ်ဖြစ်၍ အဘိဓာန်ကျမ်းကြီးများ အားလုံးပြီးစီးသောအခါ ၂၂အုပ် ရှိမည်ဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မန္တလေးမြို့သို့ ရောက်စဉ် မစိုးရိမ်တိုက်သစ်ဆရာတော် ဘဒ္ဒန္တ ရာဇဓမ္မာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)အား သွားရောက်ဖူးမြော်ခဲ့ရာ ဆရာတော်ကြီးက ထေရဝါဒ ဗုဒ္ဓသာသနာ ကမ္ဘာသို့ ပြန့်ပွားရေးအတွက် တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းကြီးများကို အင်္ဂလိပ်ဘာသာ ပြန်ဆိုသင့်ကြောင်း ဩဝါဒပေးခဲ့ကြောင်း၊ ယင်းဩဝါဒအရ

သာသနာရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင် တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းကြီး အင်္ဂလိပ်ဘာသာပြန်ဆိုရေးလုပ်ငန်း နှင့် ပတ်သက် ၍ ရှင်းလင်းတင်ပြစဉ်။

တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းကြီးများ အင်္ဂလိပ်ဘာသာ ပြန်ဆိုရေးလုပ်ငန်းကို အလျင်အမြန်ဆောင်ရွက်ရန် နိုင်ငံတော်ဝန်ကြီးချုပ်က သာသနာရေးဝန်ကြီးဌာနအား တာဝန်ပေးခဲ့ကြောင်း၊ သို့ဖြစ်၍ တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းကြီးများ အင်္ဂလိပ်ဘာသာပြန်ဆိုရေးလုပ်ငန်း အောင်မြင်ပြီးမြောက်စေရေးအတွက် သာသနာရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဘာသာပြန်အဖွဲ့ငါးဖွဲ့ဖွဲ့စည်း

တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းကြီးကို အင်္ဂလိပ်ဘာသာပြန်ဆိုရေးအတွက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ လမ်းညွှန်ချက်အရ သာသနာရေးဝန်ကြီးဌာနအနေဖြင့် ပါဠိဘာသာ၊ အင်္ဂလိပ်ဘာသာ ကျွမ်းကျင်သည့် ရဟန်းပညာရှင်၊ လူပညာရှင်များပါဝင်သည့် အင်္ဂလိပ်ဘာသာပြန်ဆိုရေးအဖွဲ့ငါးဖွဲ့ကို ဖွဲ့စည်းပေးပြီးဖြစ်ကြောင်း။

အင်္ဂလိပ်ဘာသာပြန်ဆိုရေး အဖွဲ့ငါးဖွဲ့မှာ အဖွဲ့အမှတ်(၁) ရန်ကုန်တက္ကသိုလ် မြန်မာစာအဖွဲ့၊ အဖွဲ့အမှတ်(၂) ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းပညာဌာန၊ အဖွဲ့အမှတ်(၃) အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အဖွဲ့အမှတ်(၄) နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)၊ အဖွဲ့အမှတ်(၅) နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)တို့ဖြစ်ကြောင်း။

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေးသီတင်းပတ်

မေလ၏နောက်ဆုံးသီတင်းပတ်

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံးပါဝင်ဆောင်ရွက်ပေး

သာသနာရေးဝန်ကြီးဌာနက ဦးဆောင်ပြီး ပါဠိအင်္ဂလိပ်ပညာရှင်ကြီးများနှင့် ၅-၉-၂၀၀၃ရက်တွင် တစ်ကြိမ်၊ ၁၉-၉-၂၀၀၃ရက်တွင်တစ်ကြိမ် အစည်းအဝေးခေါ်ယူညှိနှိုင်းခဲ့ပြီး လုပ်ငန်းစီမံချက်ရေးဆွဲ၍ ၂၃-၅-၂၀၀၄ ရက်တွင်မူ အင်္ဂလိပ်ဘာသာပြန်ဆိုရေး ဩဝါဒါစရိယဆရာတော်ကြီးခုနစ်ပါးထံမှ ဩဝါဒခံယူခဲ့ကြောင်း။

ဆရာတော်ကြီးများထံမှ ဩဝါဒ ခံယူရာတွင် ဆရာတော်ကြီးများက-

- မြန်မာနိုင်ငံသည် ထေရဝါဒငါးနိုင်ငံတွင် ဦးဆောင်နေရာ၌ရှိသည့်အလျောက် မြန်မာနိုင်ငံက ပြုစုသောကျမ်းစာသည် ထိပ်တန်းကျ၍ အဆင့်မြင့်ရန်လိုအပ်ကြောင်း၊
- အဘိဓာန်ကျမ်းကြီးကို နှစ်မျိုးခွဲ၍ ရှေးဦးစွာ စာသင်သားကိုင် ပါဠိ-အင်္ဂလိပ် အဘိဓာန်အကျဉ်းတစ်မျိုးကို အမြန်ပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊
- ကျမ်းအတွဲစုံ၊ အဘိဓာန်အကျယ်ကျမ်းကြီးကိုလည်း အချိန်ယူ၍ ပြုစုသွားရန်လိုအပ်ကြောင်း၊
- အင်္ဂလိပ်ဘာသာပြန်ဆိုရာတွင် မှီငြမ်းရမည့် သက္ကတဘာသာ၊ သင်္ကရိုက်ဘာသာ၊ အင်္ဂလိပ်ဘာသာကျမ်းများကို စုဆောင်းထားရှိရန် လိုအပ်ကြောင်း

စသည်ဖြင့် အကျယ်တဝင့် လမ်းညွှန်မိန့်ကြားတော်မူကြကြောင်း။

ဆရာတော်များထံမှ ဩဝါဒခံယူအပြီးတွင် စုဆောင်းရရှိထားပြီးဖြစ်သော ပါဠိ-အင်္ဂလိပ်-မြန်မာအဘိဓာန် ကျမ်းမျိုးစုံ ၁၃မျိုးကို အင်္ဂလိပ်မှု ဘာသာပြန်ဆိုရေးအဖွဲ့ငါးဖွဲ့အား ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း။

အကြံဉာဏ်များတင်ပြ

ယခုအခါ တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းပြုဆရာတော်များ ကိုယ်တိုင် ရွေးချယ်ပေးသည့် အဘိဓာန်တည်ပုဒ်များကိုရွေးထုတ်ပြီး ပါဠိမြန်မာ ကွန်ပျူတာစာမူများရရှိပြီးဖြစ်၍ အင်္ဂလိပ်ဘာသာပြန်ဆိုရေးအဖွဲ့ငါးဖွဲ့သို့ ခွဲဝေပေးနိုင်ပြီဖြစ်ပါသဖြင့် ပညာရှင်ဆရာကြီးများအနေဖြင့် လိုအပ်သော အကြံဉာဏ်များကို အသီးသီးတင်ပြပေးကြပါရန် မေတ္တာရပ်ခံကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် အဖွဲ့အမှတ်(၁) မြန်မာစာအဖွဲ့ခေါင်းဆောင်သော မြန်မာစာအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံလွင်၊ အဖွဲ့အမှတ်(၂) အရှေ့တိုင်းပညာအဖွဲ့ခေါင်းဆောင် ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းပညာဌာန ပါမောက္ခဒေါ်ခင်သိန်း၊ အဖွဲ့အမှတ်(၃) အင်္ဂလိပ်စာ ဘာသာပြန်အဖွဲ့ခေါင်းဆောင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် မဟာဌာနမှူးဦးစဝ်ထွန်းမှတ်ဝင်း၊ အဖွဲ့အမှတ်(၄)မှ ဒုတိယအဖွဲ့ခေါင်းဆောင် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ရန်ကုန်မှ စာပေဌာန ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်တွဲဖက်ဌာနမှူး ဦးရဲမြင့်၊ အဖွဲ့အမှတ်(၅)မှ အဖွဲ့ခေါင်းဆောင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)မှ ပါဠိစာပေဌာန တွဲဖက်ဌာနမှူး မော်လမြိုင်တက္ကသိုလ် အရှေ့တိုင်းပညာဌာန တွဲဖက်ပါမောက္ခ(ငြိမ်း) ဦးမြင့်ဆွေတို့က တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းကြီးများ အင်္ဂလိပ်ဘာသာပြန်ဆိုရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ဖွယ်ရာများကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသူများက တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီးများ အင်္ဂလိပ်ဘာသာပြန်ဆိုရာတွင် တွေ့ကြုံနိုင်သော အခက်အခဲများနှင့်ပတ်သက်၍ ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် ယနေ့ တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းကြီးများ အင်္ဂလိပ်ဘာသာပြန်ဆိုရေး အတွက် လိုအပ်သည်များပံ့ပိုးဖြည့်ဆည်းပေး၍ ပညာရှင်ကြီးများအား ဖိတ်ကြားဆွေးနွေးညှိနှိုင်းခြင်းဖြစ်ပါကြောင်း။

တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းကြီးများအား အင်္ဂလိပ်ဘာသာပြန်ဆိုရေးအတွက် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် နာယကချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ရာဇဓမ္မာဘိဝံသဆရာတော်ကြီးက ဩဝါဒမိန့်ကြားခဲ့ပါကြောင်း။

ဆောင်ရွက်သင့်သည့်လုပ်ငန်းဖြစ်

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားပြန့်ပွားနေသည့် နိုင်ငံဖြစ်ပြီး ထေရဝါဒကမ္ဘာအနှံ့ပြန့်ပွားအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ယခုကဲ့သို့သော အချိန်အခါတွင် တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းကြီးများအား အင်္ဂလိပ်ဘာသာပြန်ဆိုရေးမှာ ဆောင်ရွက်သင့်သည့် လုပ်ငန်းကြီးဖြစ်ပါကြောင်း။

တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းကြီးများ အင်္ဂလိပ်ဘာသာပြန်ဆိုရေးလုပ်ငန်းကြီးမှာ ခက်ခဲနက်နဲပြီး လုပ်ငန်းပမာဏ ကြီးမားကျယ်ပြန့်လှသည်ကို ပညာရှင်ကြီးများ၏ ဆွေးနွေးချက်များအရ သိရှိရပါကြောင်း။

သို့ရာတွင် ပညာရှင်ကြီးများစုပေါင်းပြီး အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြမည်ဟု ဆွေးနွေးခဲ့ကြသဖြင့် များစွာဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း။

အင်အားဖြည့်တင်း

တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းကြီးများ အင်္ဂလိပ်ဘာသာပြန်ဆိုရေးလုပ်ငန်းတွင် အခြားသော ကျွမ်းကျင်ပညာရှင်ကြီးများကိုပါ ဖိတ်ခေါ်၍ အင်အားဖြည့်တင်းသွားမှာဖြစ်ပါကြောင်း။

မေ၂၈ရက်က ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း၏ ဝန်ထမ်းစွမ်းရည်မြင့်မားရေးအစီအစဉ်တွင် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်ငွေ(ပြည်တွင်းသင်တန်း)နှင့်အဖွဲ့ ကြည့်ရှုအားပေးစဉ်။ (က-ပ)

နိုင်ငံတော်အစိုးရအနေဖြင့် ယခုလုပ်ငန်းကြီး အောင်မြင်ဖြစ်ထွန်းလာရေးအတွက် ဘာသာရပ်ကျွမ်းကျင်သူများ၊ ကွန်ပျူတာပညာရှင်များနှင့် ပစ္စည်းများအပါအဝင် အခြားသောလိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးသွားမှာဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အစည်းအဝေးတက်ရောက်လာကြသော ပညာရှင်ကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(သတင်းစဉ်)**

ရွှေနိုင်ငံဂျာနယ် အတွဲ(၃)၊ အမှတ်(၃) ထုတ်ဝေ

ရန်ကုန် မေ ၂၈

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ပညာရေးရာဌာနက ထုတ်ဝေသည့် ရွှေနိုင်ငံဂျာနယ် အတွဲ(၃)၊ အမှတ်(၃)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

အဆိုပါ ဂျာနယ်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည့်သတင်း၊ ဦးတင်ရှိန်၏ မြန်မာလူငယ်များ ပါဝင်ဆင်နွှဲရသော ဂျပန်အာဆီယံလူငယ် ချစ်ကြည်ရေးသင်္ဘောခရီး၊ တက္ကသိုလ်မြတ်သူ၏ အဘယ့်ကြောင့်လူငယ်၊ ချစ်နိုင်(စိတ်ပညာ)၏ မိုင်းဆတ်-တာချီလိတ်ခရီး၊ စန်းနီလာဝင်း၏ အသက်ဝဝရှူခြင်းဖြင့် ပျောက်ကင်းနိုင်သောရောဂါများ၊ ညွန့်ဟံ(ကြူတော)၏ ဘဝအားမာန် ရှန်းကန်ကြိုးစား အိုဘယ့်လူသား ဆောင်းပါးများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လှုပ်ရှားမှုသတင်းများ၊ နိုင်ငံတကာသတင်းများ စုံလင်စွာဖော်ပြပါရှိကြောင်းသိရသည်။ **(က-ပ)**

ကမ္ဘာ့ဆရာကြီးများအတွက်

- **ကိုယ့်ရုပ်ပုံလွှာ၊ ပျက်နေပါလျက်**
တွေ့ကရာလူ၊ မိတ်ကပ်ကူမှ
လှမည်ပဟု၊ ခြယ်သပြုပြင်
အလှဆင်ရေး၊ ဆော်ဩပေးနေ
ထိုသူတွေတွက်၊ မပျက်ပြန်လှန်
တုံ့ပြန်ကျေးဇူး၊ အထူးစေတနာ
မေတ္တာရှေ့ထား၊ ကြည့်မှန်များကို
ပြန်ကြားလက်ဆောင်ပေးလိုက်ပါ။ ။

ဖိုးဝ

ဘုရှ်အစိုးရ၏ အီရတ်စစ်ပွဲအစီအစဉ်ကို ကန်ဒုတိယသမ္မတဟောင်း ပြစ်တင်ရှုတ်ချ ကန်အစိုးရ ထိပ်တန်းအရာရှိအချို့ ရာထူးမှနုတ်ထွက်ပေးရန်တောင်းဆို

နယူးယောက် မေ ၂၇

အမေရိကန်ဒုတိယသမ္မတဟောင်း အယ်လ်ဂိုးက ဘုရှ်အစိုးရ၏ အီရတ်စစ်ပွဲအစီအစဉ်သည် ညံ့ဖျင်းသော အစီအစဉ်ဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့က ပြစ်တင်ရှုတ်ချလိုက်ပြီး အစိုးရအဖွဲ့အတွင်းရှိ ထိပ်တန်းအရာရှိအချို့ရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုလိုက်သည်။

မင်ဟက်တန်ရှိ နယူးယောက် တက္ကသိုလ်၌ မိန့်ခွန်းပြောကြားရာတွင် အယ်လ်ဂိုးက ထိုသို့ ရှုတ်ချပြောဆိုလိုက်ခြင်းဖြစ်သည် ။၎င်းကဂျော့ဒဗလျူဘုရှ်သည် ဝါးတားဂိတ် အရှုပ်တော်ပုံကြောင့် ၁၉၇၄ခုနှစ်၌ သမ္မတအဖြစ်မှ နုတ်ထွက်သွား ခဲ့သူရစ်ချတ်နစ်ဆင်ပြီးလျှင် မရိုးသားဆုံး သမ္မတဖြစ်ကြောင်း သတ်မှတ်ခဲ့သည်။

နုတ်ထွက်

အီရတ်၌ ဘေးဒုက္ခကြီးကျရောက်ခြင်းအတွက် အရာရှိများကို ပြစ်တင် ပြောဆိုရာ၌ ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်၊ အမျိုးသားလုံခြုံရေးအကြံပေး ကွန်ဒိုလီဇာရိုက်စ်နှင့် စီအိုင်အေညွှန်ကြားရေးမှူး ဂျော့တီနက်တို့ ရာထူးမှနုတ်ထွက်သင့်ကြောင်း ပြောဆိုသည်။

ရမ်းစဖဲလ်အနေဖြင့် ကာကွယ်ရေးဝန်ကြီးအဖြစ်ရှိနေသမျှ မိမိတို့နိုင်ငံသည် ဘေးမကင်းသည်ဖြစ်ရာ ရမ်းစဖဲလ် ချက်ချင်းနုတ်ထွက်သင့်ကြောင်း ၎င်းက ပြောဆိုသည်။ ထို့ပြင် ရိုက်စ်သည်လည်း အမျိုးသားလုံခြုံရေးမူဝါဒညှိနှိုင်းမှုကို မှားယွင်းစွာ စီမံဆောင်ရွက်ခဲ့ရာ မိမိတို့ နိုင်ငံအတွက် ကပ်ဘေးဆိုက်နိုင်ခြင်းကြောင့် ရာထူးမှ ချက်ချင်းနုတ်ထွက်သင့်သည်ဟု အယ်လ်ဂိုးက ပြောဆိုသည်။

ပြောဆို

တစ်ဖန် တီနက်သည် ရိုးသားသူတစ်ဦးဖြစ်သော်လည်း ထောက်လှမ်းရေးသတင်းမှားများကြောင့် သူ၏ ရာထူးမှ ပို၍ပင်ထွက်ပေးသင့်ကြောင်း အယ်လ်ဂိုးက ပြောဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

နာဂျက်ဖ်မြို့တွင် အီရတ်ခေါင်းဆောင်အယ်လ်ဆာဒါကို ထောက်ခံကြောင်း ကြွေးကြော်ကာ **အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေသော အီရတ်တို့ကို မေ ၂၇ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

၂၀၀၄ ခုနှစ် မေလ ၂၇ ရက်ရောက်ချိန်တွင် အီရတ်၌ သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၈၀၀ ရှိပြီ

ဘဂ္ဂဒက် မေ ၂၈

အီရတ်နိုင်ငံတွင် အမေရိကန်ဦးဆောင်သော အပေါင်းအပါတပ်များက ၂၀၀၃ ခုနှစ် မတ်လ၌ စတင်စစ်ပွဲဆင်နွှဲခဲ့သည်မှ ၂၀၀၄ ခုနှစ် မေလ ၂၇ ရက် ကြာသပတေးနေ့ရောက်ချိန်တွင် အီရတ်၌ သေဆုံးခဲ့သော အမေရိကန် တပ်ဖွဲ့ဝင်ဦးရေသည် ၈၀၀ ထိ ရှိသွားပြီဖြစ်သည်။

ယင်းအနက် ၅၈၅ ဦးမှာ တိုက်ပွဲ၌ သေဆုံးခြင်းဖြစ်ပြီး ၂၁၅ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်။

သေဆုံး

၂၀၀၃ ခုနှစ် မေ ၁ ရက်၌ သမ္မတဘုရှ်က စစ်ပွဲကြီးကို အဆုံးသတ်ခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၆၆၂ ဦးဖြစ်ပြီး ယင်းအနက် ၄၇၆ ဦးမှာ တိုက်ပွဲ၌ သေဆုံးခြင်းဖြစ်၍ ၁၈၆ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်။

ထို့ပြင် အီရတ်၌ ဗြိတိသျှတပ်ဖွဲ့ဝင် ၅၈ ဦး၊ အီတလီ ၁၈ဦး၊ စပိန် ရှစ်ဦး၊ ဘူဂေးရီးယားခြောက်ဦး၊ ယူကရိန်း လေးဦး၊ ပိုလန် သုံးဦး၊ အခြားနှစ်ဦးနှင့် ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယားနှင့် နယ်သာလန်တို့က တစ်ဦးစီ အီရတ်၌ သေဆုံးခဲ့ကြသည်။

(အင်တာနက်)

အီရတ်အကျဉ်းသားများကို ဗြိတိသျှတပ်ဖွဲ့ဝင်များ စစ်ဆေးသည့်ဓာတ်ပုံသစ်များ ရန်ပြုနှိပ်စက်သည့် သဘောကိုပြနေကြောင်း ရိုက်တာကဖော်ပြ

ဝါရှင်တန် မေ ၂၇

အင်ဘီစီရုပ်မြင်သံကြားက ဗုဒ္ဓဟူးနေ့၌ ထုတ်လွှင့်ပြသခဲ့သော အဘူဂါရိပ်အကျဉ်းထောင်၌ ဝတ်လစ်စလစ် အီရတ်အကျဉ်းသားများကို စစ်မေးသည့် ဓာတ်ပုံသစ်များသည် ရန်ပြုနှိပ်စက်သည့် သဘောကို ပြနေကြောင်း ရိုက်တာက ယနေ့ရေးသားဖော်ပြသည်။

အင်ဘီစီရုပ်မြင်သံကြားက ရရှိခဲ့သော ဓာတ်ပုံများမှာ စစ်မေးစဉ်အတွင်း အီရတ်အကျဉ်းသားသုံးဦးကို ဝတ်လစ်စလစ်ဖြင့် ကြမ်းပေါ်၌ထားကာ ရန်ပြုနှိပ်စက်သည့်နည်းဖြင့် စစ်မေးနေသည့်ပုံများဖြစ်သည်။

ဓာတ်ပုံတစ်ပုံမှာ ကြမ်းပြင်ပေါ်၌ရှိသော အကျဉ်းသားများအနီးတွင် တစ်ယောက်က ကင်မရာကိုနောက်ကျောပေးကာ ကုလားထိုင်ပေါ်၌ ထိုင်နေသည့်ပုံဖြစ်ပြီး ထိုလူသည် အရပ်သားစကားပြန်ဖြစ်ကြောင်း အင်ဘီစီက ပြောကြားသည်။

ဒူးဖြင့်ဖိထား

အခြားဓာတ်ပုံမှာ စစ်ဘက်ထောက်လှမ်းရေးအရာရှိဖြစ်သော တပ်ဖွဲ့ဝင်တစ်ဦးက အကျဉ်းသားများ၏အပေါ်၌ တက်ပြီးရပ်နေသည့်ပုံ ဖြစ်သည်ဟု အင်ဘီစီက ပြောကြားသည်။ တတိယပုံမှာ အကျဉ်းသားတစ်ဦး၏ လည်ပင်းပေါ်၌ တပ်ဖွဲ့ဝင်တစ်ဦးက ဒူးခေါင်းဖြင့် တက်ဖိထားသည့်ပုံဖြစ်သည်။

အီရတ်အကျဉ်းထောင်၌ မတရားနှိပ်စက်သည့် အရှုပ်တော်ပုံကြောင့် အာရပ်ကမ္ဘာတွင် ဒေါသမီးတောက်ခဲ့ကြပြီး ကြားဖြတ်အစိုးရကို ဇွန် ၃၀ရက်၌ အုပ်ချုပ်ရေးမလွှဲမီ အီရတ်နိုင်ငံ၌ အမေရိကန်ပြည်ထောင်စု၏ ကြိုးပမ်းမှုများ ပျက်ပြားခဲ့ရသည်။ **အမ်အင်အေ၊ ရိုက်တာ**

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

လုံခြုံရေးစောင့်ကြပ်

ဘာဆာရာမြို့တွင် စစ်ယာဉ်တစ်စီးနှင့် လုံခြုံရေး စောင့်ကြပ်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်များကို မေ ၂၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်နှင့်အိန္ဒိယ ဆက်ဆံရေးတိုးတက် အလားအလာသစ်များသို့ ဦးတည်

ပေကျင်း မေ ၂၇

တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ ဆက်ဆံရေးသည် နှစ်နိုင်ငံအစိုးရအတွက် ဖွံ့ဖြိုးတိုးတက်မှုနှင့် အခွင့်အလမ်းများအဆင့်သစ်သို့ ရောက်ရှိခဲ့ပြီ ဖြစ်ကြောင်း တရုတ်နိုင်ငံက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

မိမိတို့သည် တရုတ်နှင့်အိန္ဒိယနိုင်ငံတို့ကြား ရင်းနှီးစွာ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု အရေးကြီးသော အခန်းကဏ္ဍများဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း၊ နှစ်နိုင်ငံကြားဆက်ဆံရေးသည် ဖွံ့ဖြိုးရေးနှင့် တိုးတက်ရေးအဆင့်သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရ ပုဂ္ဂိုလ်က သတင်းထောက်များအား ပေကျင်းမြို့၌ ပြုလုပ်သော နှစ်နိုင်ငံအပတ်စဉ်သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားသည်။ အဆိုပါ နှစ်နိုင်ငံဆက်ဆံရေးသည်ဖွံ့ဖြိုးတိုးတက်ရေးအလားအလာသစ်များနှင့်လည်း ဦးတည်လျက်ရှိသည်ဟု ၎င်းပုဂ္ဂိုလ်က ပြောသည်။ **(ပီတီအိုင်)**

အီရတ်အပေါ်ထားသည့် အမေရိကန်မူဝါဒများ မပြတ်သားကြောင်း နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုကဝေဖန်

ဘဂ္ဂဒက် မေ ၂၇

အီရတ်နိုင်ငံအပေါ်ထားရှိသော အမေရိကန်တို့၏ မူဝါဒများသည် ယုတ္တိမရှိဘဲ ရောင်လွှဲကာမပြတ်သားသည့် စည်းမျဉ်းများဖြစ်ကြောင်း နိုင်ငံတကာအဖွဲ့အစည်းတစ်ရပ်က ပြောကြားလိုက်သည်။ အမေရိကန်တို့၏ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေး ဆောင်ရွက်မှုသည် ကမ္ဘာကြီးကို အန္တရာယ်ပိုမို ကြီးမားသော နေရာတစ်နေရာဖြစ်အောင် ပြုလုပ်နေခြင်းဖြစ်ကြောင်း နိုင်ငံတကာအဖွဲ့တစ်ဖွဲ့က ပြောကြားသည်။ ထိုအဖွဲ့သည် အီရတ်နိုင်ငံ အဘူဂါရိပ်အကျဉ်းထောင်ရှိ အီရတ် အကျဉ်းသားများကို အမေရိကန်တပ်ဖွဲ့ဝင်တို့က ညှဉ်းပန်းနှိပ်စက်သည့် ရုပ်ပုံများနှင့် ပတ်သက်ပြီး ဝေဖန်ခဲ့ကြသည်။

ထိုအဖွဲ့သည့် အီရတ်နိုင်ငံ အဘူဂါရိပ်အကျဉ်းထောင်ရှိ အီရတ် အကျဉ်းသားများကို အမေရိကန်တပ်ဖွဲ့ဝင်တို့က ညှဉ်းပန်းနှိပ်စက်သည့် ရုပ်ပုံများနှင့် ပတ်သက်ပြီး ဝေဖန်ခဲ့ကြသည်။ အီရတ်တို့ထံ အချုပ်အခြာအာဏာလွှဲပြောင်းပေးပြီးနောက် အခြေအနေများသည် ယခုကောင်းမွန်လာဖွယ်မရှိကြောင်း ၎င်းအဖွဲ့က ပြောကြားခဲ့သည်။

ယင်းအဖွဲ့သည် ဗြိတိန်နှင့် အမေရိကန်အစိုးရထံ အီရတ်အကျဉ်းသားအရေးကိစ္စနှင့်ပတ်သက်ပြီး သတိပေးစာ ပေးပို့ခဲ့ရာ ဗြိတိန်နိုင်ငံက တုံ့ပြန်ခဲ့သော်လည်း အမေရိကန်တို့က ယခုအချိန်အထိ အလေးဂရုမပြုခဲ့ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

29-5 (04).p65 1 03/25/1905, 2:54 PM

အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်သူအားလုံး အပြစ်ပေးသင့်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ပြောကြား

ပဲရစ် မေ ၂၇

အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်သူများအားလုံးနှင့် ပူးပေါင်းတာဝန်ရှိသူများကို အပြစ်ပေးသင့်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး မိုက်ကယ်ဘာနီယာက ပြင်သစ်နေ့စဉ်သတင်းစာဖြစ်သည့် လီဖိုင်ဂျာရိုနှင့် တွေ့ဆုံခန်းတွင် အင်္ဂါနေ့က ပြောကြားသည်။

မိမိသည် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်နေသည်ကို လုံးဝမသိရှိခဲ့ကြောင်း၊ ယင်းကိစ္စသည် ဖွဲ့စည်းထားသည့် စနစ်တစ်ခုပင်ဖြစ်ကြောင်း အဆိုပါဝန်ကြီးက ပြောကြားသည်။

အပြစ်ပေးသင့်

၎င်းကိစ္စသည် ပိုမိုဖွဲ့စည်းထားသည့် စနစ်တစ်ခုဖြစ်ခဲ့ပါလျှင် တာဝန်ရှိသူများနှင့် ပူးပေါင်းတာဝန်ရှိသူအားလုံးကို အပြစ်ပေးသင့်ကြောင်း ၎င်းက ပြောသည်။

မိမိတို့သည် အမှန်တရားကိုသိရှိရန် အမှန်ရှိရမည်ဖြစ်ကြောင်း၊ အမေရိကန်တို့နှင့်အတူ အီရတ်ပြည်သူများအား စတင်မေးမြန်းလိုကြောင်း ၎င်းက ပြောသည်။

စီရင်ချက်ချ

အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုကို အမေရိကန်တပ်ဖွဲ့ဝင်အချို့ကို ကန့်သတ်ထားကြောင်း၊ တပ်ဖွဲ့ဝင်ခုနစ်ဦးအား တရားစွဲဆိုထားပြီး ၎င်းတို့ထဲမှ တပ်ဖွဲ့ဝင်တစ်ဦးကို ထောင်တစ်နှစ်ကျခံစေရန် စီရင်ချက်ချမှတ်ခဲ့ကြောင်း အမေရိကန်အုပ်ချုပ်ရေးအဖွဲ့က ပြောသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အီရတ်ဓာတ်အားစက်ရုံတည်ဆောက်ရေးမှ ရုရှားအလုပ်သမားနှစ်ဦး သေနတ်သမားများပစ်ခတ်တိုက်ခိုက်မှုကြောင့်သေဆုံး

ဘဂ္ဂဒက် မေ ၂၇

အီရတ်တွင် ဓာတ်အားစက်ရုံတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေသော ရုရှားစွမ်းအင်ကုမ္ပဏီတစ်ခုမှ အလုပ်သမားနှစ်ဦးသည် ၎င်းတို့အား ပိုမိုလုံခြုံမှုရှိသောနေရာသို့ ဘတ်စ်ကားတစ်စီးဖြင့် ရွှေ့ပြောင်းပို့ဆောင်ပေးစဉ် သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် ဗုဒ္ဓဟူးနေ့က သေဆုံးသွားခဲ့ကြသည်။

အဆိုပါကုမ္ပဏီမှ အလုပ်သမားများသည် ယခင်တိုက်ခိုက်မှုများတွင် သေဆုံးခြင်းနှင့် ပြန်ပေးဆွဲခံရခြင်းများ ရှိခဲ့ကြသည်။ ယင်းကုမ္ပဏီက အီရတ်နိုင်ငံမှနေ၍ ကျန်ရှိသောအလုပ်သမား ၂၃၄ ဦးကို ယခုအခါ ရုပ်သိမ်းမည်ဟု ပြောဆိုသည်။

ရည်ရွယ်

ကျန်ရှိသောအလုပ်သမားများကို အမြန်ဆုံးရုပ်သိမ်းရန် မိမိတို့ ရည်ရွယ်ကြောင်း ကုမ္ပဏီအမှုဆောင် ညွှန်ကြားရေးမှူး အလက်ဇန္ဒာရီဘင်စကီက မော်စကို၌ ရိုက်တာသို့ ပြောကြားသည်။

ဘဂ္ဂဒက်တောင်ဘက် ဆင်ခြေဖုံးတွင်ရှိသော ဒိုရာဓာတ်အားစက်ရုံဂိတ်ပေါက်၌ ကားနှစ်စီးပေါ်မှ သေနတ်သမားများက ယင်းဘတ်စ်ကားကို ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ရုရှား မီဒီယာက ပြောကြားသည်။

သေဆုံး

ထိုသို့တိုက်ခိုက်သဖြင့် ကုမ္ပဏီအလုပ်သမား ငါးဦးထက်မနည်း ဒဏ်ရာရပြီး အချို့မှာ ဒဏ်ရာပြင်းထန်သည်ဟု ဆိုသည်။ ဘတ်စ်ကားယာဉ်မောင်းနှင့် အစောင့်တစ်ဦးတို့လည်း တိုက်ခိုက်မှုတွင် သေဆုံးသွားခဲ့ကြသည်ဟု ရုရှား မီဒီယာက ဖော်ပြသည်။ **အမ်အင်အေ၊ရိုက်တာ**

နာဂျက်ဖ်မြို့၌ တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားနေ

နာဂျက်ဖ် မေ ၂၇

အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ခေါင်းဆောင် မူတာဒါအယ်ဆာဒါကို ထောက်ခံသော လက်နက်ကိုင်တပ်ဖွဲ့များသည်နာဂျက်ဖ်မြို့တွင် ပြင်းထန်စွာတိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိသည်။ ၎င်းတိုက်ခိုက်မှုသည် ကြာသပတေးနေ့ ညနေမှ ဗုဒ္ဓဟူးနေ့ နံနက်အထိ ဖြစ်ပွားခဲ့ပြီး အမေရိကန် တင့်ကားများနှင့် ရဟတ်ယာဉ်များသည် နာဂျက်ဖ်မြို့ရှိ တိုက်ခိုက်ရေးသမားများစုဝေးရာ သင်္ချိုင်းကို ပစ်ခတ်ခဲ့ကြောင်း သိရသည်။

၎င်းတိုက်ခိုက်မှုကြောင့် အနည်းဆုံး လူ၂၄ဦးသေဆုံးခဲ့ပြီး၊ ငါးဆယ်ခန့် ဒဏ်ရာရရှိခဲ့ကြောင်း ဆေးရုံမှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။ နာဂျက်ဖ်မြို့ရှိ အယ်ဆာဒါ၏ ဆွေမျိုးလည်းဖြစ်ပြီး အနီးကပ်ဆုံး လက်ထောက်လည်းဖြစ်သော ရီယက်ဒ်အာနိုရီကို အမေရိကန်တပ်ဖွဲ့များက ဖမ်းဆီးခဲ့ကြောင်း သိရသည်။**(အင်န်အိပ်ချ်ကေ)**

အီရတ်နိုင်ငံ နာဂျက်ဖ်နှင့် ကာဘာလာမြို့များတွင် အမေရိကန်တပ်ဖွဲ့ဝင်များက အင်အားသုံး တိုက်ခိုက်နေမှုကို ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် အီရန်နိုင်ငံ တီဟီရန်မြို့ရှိ ဗြိတိသျှသံရုံးရှေ့တွင် ဆန္ဒပြနေသူများကို မေ ၂၇ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အကျဉ်းသားများကို မတရားနှိပ်စက်သည့် စွဲဆိုချက်အသစ်များ အီရတ်ရှိ ဗြိတိသျှတပ်ဖွဲ့ဝင်များ ထပ်မံရင်ဆိုင်နေရ

လန်ဒန် မေ ၂၇

အီရတ်အရပ်သားတစ်ဦးကို ဗြိတိသျှတပ်ဖွဲ့ဝင်များက သတ်ဖြတ်ခဲ့သည်ဆိုသော အသေးစိတ်ဖော်ပြချက်နှင့်အတူ ဗြိတိသျှတပ်ဖွဲ့ဝင်များသည် အီရတ်အကျဉ်းသားများအား မတရားနှိပ်စက်သည်ဆိုသည့် စွပ်စွဲချက်အသစ်များနှင့် ကြာသပတေးနေ့က ရင်ဆိုင်ခဲ့ရသည်။

လွန်ခဲ့သည့်သြဂုတ်လ၌ ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ သတ်ဖြတ်ခြင်းခံခဲ့ရသည်ဟုဆိုသော ဟာက်ဆန်အက်ဘာက်ဆေအက်ဒ်၏ သေဆုံးမှုသည် အမေရိကန်ပြည်ထောင်စုအား လှုပ်ခါခဲ့သော မတရားနှိပ်စက်သည့် အရုပ်တော်ပုံထဲသို့ ဗြိတိန်နိုင်ငံအား ပို၍နက်ရှိုင်းစွာ ပါလာစေနိုင်သည်ဟု ဆိုသည်။

စစ်ဆေးနေ

လွန်ခဲ့သည့် စက်တင်ဘာလ၌ စစ်ဆေးမေးမြန်းစဉ် ရိုက်နှက်ခံရသဖြင့် သေဆုံးခဲ့ရသည်ဆိုသော ဟိုတယ် အမှုထမ်းဖြစ်သူ ဘာဟာမူဆာ (၂၆)နှစ် သေဆုံးသည့်အမှုကို စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

အကန်ပြိုင်

မူဆာနှင့်အတူ ဖမ်းဆီးခံခဲ့ရသော အီရတ် အင်ဂျင်နီယာ ကီဖာတာလာက တပ်ဖွဲ့ဝင်များသည် အကျဉ်းသားများကို မည်သူ အဝေးဆုံးရောက်အောင် ကန်နိုင်သည်ကိုပြိုင်ပြီး ရယ်မောခဲ့ကြသည်ဟု ပြောဆိုသည်။

ပါဝင်မည်

သူ၏ အစစ်ခံထွက်ဆိုချက်သည် အီရတ်မိသားစု ၁၂ စုက ဗြိတိန်နိုင်ငံအား လျော်ကြေးတောင်းရာတွင် အကြောင်းအရာ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ပါဝင်မည်ဖြစ်သည်။ အီရတ်မိသားစုများက ၎င်းတို့၏ ဆွေမျိုးသားချင်းများသည် ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ ဥပဒေမဲ့ ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခြင်းကို ခံခဲ့ကြရသည်ဟု ပြောဆိုခဲ့ကြကာ ဗြိတိန်နိုင်ငံထံမှ လျော်ကြေးတောင်းကြခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

ဘာဆာရာမြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ၎င်းနေရာ၌ လုံခြုံရေးစောင့်ကြပ်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးကို မေ ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကန်နှင့်ဗြိတိန်တို့ရေးဆွဲသောမူကြမ်း အီရတ်အနာဂတ်နိုင်ငံရေးမဟုတ် အီရတ်ယာယီအုပ်ချုပ်ရေးကောင်စီဝင် ချာလာဘီ ပြောဆို

ဘဂ္ဂဒက် မေ ၂၇

အီရတ်နိုင်ငံတစ်ဝန်း၌ တိုက်ပွဲများ ပိုမိုများလာပြီး ဆန္ဒပြမှုများလည်း တိုးပွားလာကာ အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးမှုဦးရေ ရှစ်ရာနီးပါးမျှအထိရှိသွားပြီဖြစ်သည်။ အီရတ်နိုင်ငံအတွင်း ပဋိပက္ခများတိုးပွားလာမှုသည် အီရတ်အုပ်ချုပ်ရေးလွှဲပြောင်းပေးရေးနှင့်ပတ်သက်ပြီး အချို့သောနိုင်ငံများအတွက် မေးခွန်းများ ဖြစ်ပေါ်လာသည်။ အီရတ်စစ်ပွဲကို ပြင်းပြင်းထန်ထန် ဆန့်ကျင်ဝေဖန်ခဲ့သော ပြင်သစ်နိုင်ငံက အီရတ်နိုင်ငံအား စစ်မှန်သည့် အချုပ်အခြာအာဏာ လွှဲပြောင်းပေးရန် အမေရိကန်တို့အား ပြောကြားခဲ့သည်။

ဝေဖန်ပြောကြားမှုကို သမ္မတဘုရှ်အနေဖြင့် အပြင်းအထန် ကာကွယ်ရလျက်ရှိသည်။ သို့ရာတွင် အီရတ်ယာယီအုပ်ချုပ်ရေးကောင်စီဝင်တစ်ဦးဖြစ်သူ ချာလာဘီက ၎င်း၏ သံသယများကို ထုတ်ဖော်ပြောကြားခဲ့သည်။

အမေရိကန်နှင့် ဗြိတိန်တို့ ရေးဆွဲထားသောမူကြမ်းသည် အီရတ် အနာဂတ်နိုင်ငံရေးမဟုတ်ကြောင်း၊ ကုလသမဂ္ဂဆောင်ရွက်ရန် အရေးကိစ္စသာဖြစ်ကြောင်းနှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့ကိုလည်း နိုင်ငံခြားသားများ၏ ထိန်းချုပ်ဆောင်ရွက်မှုအောက်၌သာ ထားရှိလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အီရတ် ယာယီအုပ်ချုပ်ရေးအဖွဲ့သစ်အတွက် ပါဝင်မည့်သူများ အမည်စာရင်းကို မကြာမီကြေညာမည်ဖြစ်ပြီး ၂၀၀၅ ခုနှစ် အစောပိုင်းမှာ အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပမည် ဖြစ်သည်။ အဖွဲ့သစ်၏ ဝန်ကြီးချုပ်သစ်အဖြစ် သိပ္ပံပညာရှင် ရစ်စတန်နီကို လျာထားကြောင်း သတင်းများ ထွက်ပေါ်သည်ဟု သိရသည်။ **(စီအက်ဖ်အိုင်)**

အီရတ်၌ လုံခြုံရေးမတည်ငြိမ်မှု ဘုရှ်အတွက် အကြီးမားဆုံး ပြဿနာဖြစ်နေ

ဘဂ္ဂဒက် မေ ၂၇

အီရတ်နိုင်ငံ၌ အီရတ်အစိုးရသစ်ဖွဲ့စည်းရန် သက်ဆိုင်ရာပုဂ္ဂိုလ်များကို ရွေးချယ်တင်မြှောက် အမည်ပေးမှုများ ပြုလုပ်နေစဉ် အီရတ်တို့ထံ အာဏာလွှဲပြောင်းပေးရေးကိစ္စနှင့် အမေရိကန်သမ္မတ ဘုရှ်အစိုးရ ရင်ဆိုင်ကြုံတွေ့နေရမှုသည် ယခုအခါ ကြောက်မက်ဖွယ် ထွက်ပေါ်နေသည်။

အီရတ်နိုင်ငံတွင် လုံခြုံရေးမတည်ငြိမ်မှုသည် အကြီးမားဆုံးပြဿနာတစ်ရပ်အဖြစ် ဆက်လက်ဖြစ်ပွားနေသည်။ ပြီးခဲ့သည့် တနင်္လာနေ့က ပြောကြားသော သမ္မတဘုရှ်မိန့်ခွန်းတွင် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်သိန်းခြောက်ထောင်ကို လေ့ကျင့်ပေးရန် တောင်းဆိုလိုက်ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့၌ တိုက်ပွဲများဖြစ်ပွားစဉ် စိန်ပြောင်းကျည်ထိမှန်၍ အဆောက်အအုံတစ်ခုပျက်စီးခဲ့ရာ ၎င်းအဆောက်အအုံ၏အဝင်ဝတွင် ငိုကြွေးနေသော အီရတ်တစ်ဦးကို မေ ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မေ ၁၉ ရက်က ဆီးရီးယားနယ်စပ်ရှိ အီရတ်လက်ထပ်မင်္ဂလာပွဲကျင်းပပြုလုပ်ရာသို့ အမေရိကန်တပ်ဖွဲ့ဝင်များက ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် သေဆုံးသူ အီရတ်တစ်ဦး၏ မိသားစုအား မေ ၂၄ ရက်က ဘဂ္ဂဒက်မြို့တွင် တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း အီရတ်မြင်ကွင်း

ပျက်စီး

ဘဂ္ဂဒက်မြို့၌ ဗုံးခွဲတိုက်ခိုက်ခံရမှုကြောင့် ပျက်စီးနေသော မော်တော်ယာဉ်တစ်စီးကို မေ ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ နာဂျက်ဖ်မြို့၌ တိုက်ပွဲဖြစ်ပွားပြီးနောက် မီးလောင်ပျက်စီးနေသည့် အဆောက်အအုံနေရာကို မေ ၂၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ ဘလတ်မြို့၌ ဗုံးခွဲတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် အီရတ်တစ်ဦး ဆေးကုသမှုခံယူနေသည်ကို မေ ၂၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စောင့်ဆိုင်း

ဖမ်းဆီးထားသော အီရတ်အကျဉ်းသားများအား ပြန်လွှတ်ပေးရန် တောင်းဆိုနေသည့် အီရတ်ပြည်သူများ အဘူဂါရိပ် အကျဉ်းစခန်းအပြင်ဘက်၌ တဲထိုး၍ စောင့်ဆိုင်းလျက်ရှိသည်ကို မေ ၂၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်



ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျောက်ဆုံကျေးရွာကို ဖြတ်သန်းဖောက်လုပ်ထားသည့် ရွှေညောင်-ရပ်စောက်-ကျောက်ဂူ-တာပလန်-နောင်ချို ကားလမ်းဖောက်လုပ်ပြီးစီးမှုကို တွေ့ရစဉ်။ (ဓာတ်ပုံမှတ်တမ်း-နယ်စပ်/စည်ပင်)

ကရင်ပြည်နယ် ဖာပွန်မြို့နယ် ကတိုင်တိကျေးရွာတွင် တည်ဆောက် ဖွင့်လှစ်ခဲ့သည့် ကျေးလက်ကျန်းမာရေး ဌာနကိုဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

အောင်မြင်ဖြစ်ထွန်းနေသော ဆီအုန်းစိုက်ခင်း

တနင်္သာရီတိုင်း ကော့သောင်းမြို့နယ်တွင် ဒေသခံတိုင်းရင်းသားများ စိုက်ပျိုးထားသည့် အောင်မြင်ဖြစ်ထွန်းနေသော ဆီအုန်းစိုက်ခင်းကို တစ်မျှော်တစ်ခေါ် တွေ့ရစဉ်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ပန်းမွန်ချောင်း တံတား

စစ်ကိုင်းတိုင်း ကလေးမြို့နယ်အတွင်းရှိ ဒေသခံ ပြည်သူများ သွားလာမှု လွယ်ကူစေရေးအတွက် တည်ဆောက်ထားသည့် ကလေး-ဂန့်ဂေါလမ်းပေါ်ရှိ အရှည် ပေ ၂၂၀ ရှိသော ပန်းမွန်ချောင်း တံတားကို တွေ့ရစဉ်။

(ဓာတ်ပုံမှတ်တမ်း-သတင်းစဉ်)

စက်မှုပညာရှင်များမွေးထုတ်ရေးသည့်နည်းပညာတက္ကသိုလ်၊ ကောလိပ်တို့နှင့်ဆက်စပ်လျက်ရှိ လက်တွေ့ကျကျဆက်စပ်အကျိုးပြုမှသာ စက်မှုလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်

● **ကျောဖုံးမှ**

ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အသေးစိတ်ညှိနှိုင်းဆွေးနွေး

ညှိနှိုင်းအစည်းအဝေးတွင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အဖွင့်အမှာစကားပြောကြားရာ၌ ပြီးခဲ့သည့် တစ်လကျော်ခန့်ကပင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစည်းအဝေးကျင်းပခဲ့ပြီး သက်ဆိုင်ရာ စက်မှုလုပ်ငန်းရှင်များနှင့်ပါ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖြစ်ကြောင်း။

ယနေ့အစည်းအဝေး၌ အဓိကအားဖြင့် စက်မှုဇုန်များ ထိရောက်မြန်ဆန်စွာ ဖွံ့ဖြိုးရေး၊ လယ်ယာသုံးစက်ကိရိယာများ တိုးတက်ထုတ်လုပ်ရေး၊မော်တော်ယာဉ် ထုတ်လုပ်ရေးတို့ကို အသေးစိတ် ညှိနှိုင်းသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲက ၁၉၉၅ ခုနှစ်တွင် စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဆိုင်ရာ လမ်းညွှန်ချက်ငါးရပ်ကို ချမှတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယင်းနောက်ပိုင်း၌ မြန်မာ့စက်မှုလက်မှုကဏ္ဍသည် မူဝါဒရှိရှိ၊ ရည်မှန်းချက်ရှိရှိ စတင်ဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း။

စက်မှုဇုန် ၁၉ ဇုန်

ထို့ကြောင့်လည်း ယခုအခါ နိုင်ငံတော်၏ စက်မှုကဏ္ဍသည် နှစ်စဉ် ရာခိုင်နှုန်း မြင့်မြင့်မားမားဖြင့် တိုးတက်လျက်ရှိသည့်အပြင် စက်မှုဇုန်အရေ အတွက်မှာလည်း ၁၉ ဇုန်အထိ ဖွဲ့စည်းဖြစ်ပေါ်လာကြောင်း။

စက်မှုဇုန် တာဝန်ခံ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး(၂/၂၀၀၄)တွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ယခုအခါ နိုင်ငံတော်က စက်မှုလယ်ယာကျယ်ပြန့်စွာဖြစ်ပေါ်ရေး၊ စက်မှုကဏ္ဍနှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးဆိုပြီး ဦးစားပေးကဏ္ဍများ သတ်မှတ်ပေးထားပြီး ဖြစ်သည့်အပြင် ၂၀၀၄–၂၀၀၅ ခုနှစ်ကို စက်မှုကဏ္ဍ အရှိန်အဟုန်ဖြင့် စတင်ဖွံ့ဖြိုးတိုးတက်ရမည့်နှစ်ဖြစ်ရမည်ဟု တာဝန်ပေးထားပြီး ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့အနေဖြင့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို ဖိဖိစီးစီး လုပ်ဆောင်ကြရမှာဖြစ်ကြောင်း၊ စက်မှုကဏ္ဍ၏ နှစ်စဉ်ဖွံ့ဖြိုးတိုးတက်မှုသည် မြင့်မားလျက်ရှိသည်မှာမှန်သော်လည်း အမျိုးသားစီးပွားရေးတန်ဖိုးပမာဏ (ဂျီဒီပီ)၌ ပါဝင်မှုရာခိုင်နှုန်းသည် ၁၃ ရာခိုင်နှုန်းခန့်သာ ရှိသေးသဖြင့် များစွာ နည်းပါးနေသေးကြောင်း။

ဟန်ချက်ညီညီကြိုးပမ်းအားထုတ်

လက်ရှိတတိယ ငါးနှစ်စီမံကိန်း ရည်မှန်းချက်အရ ဂျီဒီပီ၌ စက်မှုကဏ္ဍ ပါဝင်မှုအချိုးအစားသည် ၂၀ ရာခိုင်နှုန်းထိ တိုးမြှင့်ပါဝင်ရမည်ဖြစ်၍ နိုင်ငံတော် အပိုင်းရော ပုဂ္ဂလိကအပိုင်းကပါ ဟန်ချက်ညီညီ ကြိုးပမ်းအားထုတ်သွား ရမှာဖြစ်ကြောင်း။

ယခုဆိုလျှင် နိုင်ငံတော်၏ ပံ့ပိုးအထောက်အကူပြုမှုဖြင့် ရေးဦးစွာ မန္တလေး စက်မှုဇုန်၊ မုံရွာစက်မှုဇုန်နှင့် အေးသာယာစက်မှုဇုန်တို့၌ သံရည်ကျို၊ ပုံလောင်းခြင်း၊ သံပုံဖိခြင်း၊ အမာတင်ခြင်းစသည့် သံထည်ပစ္စည်းပုံလောင်း ပုံထောင်းခေတ်မီ အလုပ်ရုံများကို ၂၀၀၄ ခုနှစ်မကုန်မီ အပြီးထူထောင်သွားတော့မှာ ဖြစ်ကြောင်း။

ယင်းခေတ်မီ သံရည်ကျိုပုံလောင်းအလုပ်ရုံများရှိ ခေတ်မီစက်ကိရိယာများကြောင့် စက်မှုဇုန်များ၏ အဆင့်အတန်းနှင့် အရည်အသွေးသည် အဆင့်မြင့်တက်သွားမှာဖြစ်ပြီး စက်ကိရိယာပစ္စည်းများကိုလည်း အရေအတွက်အရ အမြောက်အမြား ထုတ်လုပ်ပေးနိုင်သည့်အဆင့် ရောက်ရှိသွားမှာဖြစ်ကြောင်း။

ဥပမာ လက်တွန်းထွန်စက်၊ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်၊ ရေစုပ်စက်စသည့် လယ်ယာသုံးစက်ကိရိယာများအတွက် လိုအပ်သော စက်အစိတ်အပိုင်းများကို ပုံလောင်းပုံဖော်ထုတ်လုပ်ပေးမှာဖြစ်ကြောင်း။

မိမိတို့က စက်မှုလယ်ယာစနစ် ကျယ်ပြန့်စွာ ဖြစ်ပေါ်ရေးအတွက် လယ်ယာသုံး စက်ကိရိယာများကို ဦးစားပေးထုတ်လုပ်သွားမည်ဖြစ်ရာ စက်မှုဇုန်တစ်ခုချင်း၏ စွမ်းအားအလိုက် လယ်ယာသုံးစက်ကိရိယာထုတ်လုပ်ရေးကဏ္ဍ၌ မှန်မှန်ကန်ကန် ထိုက်ထိုက်တန်တန် ပါဝင်နိုင်ရန် လိုအပ်ကြောင်း။

ထို့ပြင် စက်မှုဇုန်များရှိ လုပ်ငန်းအများစုသည် အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများဖြစ်ရာ ယင်းလုပ်ငန်းဆောင်ရွက်နေသော လုပ်ငန်းရှင်များမှာ ငွေကြေးအရင်းအနှီးအရရော၊ နည်းပညာအရပါ အားနည်းမှုရှိသဖြင့် ဝိုင်းဝန်းဆက်လက်အကူအညီပေးရန်လိုကြောင်း။

လမ်းမှန်နည်းမှန်

လယ်ယာသုံး စက်ကိရိယာ ပစ္စည်းထုတ်လုပ်ရေး၊ လယ်ယာအခြေခံစက်မှုလုပ်ငန်းများထူထောင်ရေး၊ မော်တော်ယာဉ် ထုတ်လုပ်ရေးစသည့် လုပ်ငန်းများကို လမ်းမှန်နည်းမှန် မြန်မြန် ဖွံ့ဖြိုးလာအောင် မိမိတို့အားလုံး ဝိုင်းဝန်း ကူညီကြရမှာဖြစ်ကြောင်း။

ထိုနည်းတူစွာပင် စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် ကျွမ်းကျင်အလုပ်သမားများ၊ ပညာရှင်များလေ့ကျင့်မွေးထုတ်ပေးရေးသည် နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံတို့နှင့် ဆက်စပ်လျက်ရှိကြောင်း။

ရေရှည်ဖွံ့ဖြိုးတိုးတက်

စက်ရုံ၊ အလုပ်ရုံများနှင့် တက္ကသိုလ်၊ ကောလိပ်များသည် လက်တွေ့ကျကျ အပြန်အလှန် ဆက်စပ်အကျိုးပြုနိုင်မှသာ စက်မှုလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့အစည်းအဝေး၌ စက်မှုလယ်ယာစနစ် ကျယ်ပြန့်စွာဖြစ်ပေါ်ရေးအတွက် လယ်ယာသုံးစက်ကိရိယာတိုးချဲ့ထုတ်လုပ်ရေး၊ စက်မှုဇုန်များ အရှိန်အဟုန်ရှိရှိ ဖွံ့ဖြိုးတိုးတက်ရေးစသည့် ကိစ္စရပ်များအပေါ် ညှိနှိုင်းဆွေးနွေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ရှင်းလင်းတင်ပြရာ၌ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုအခါ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိနေကြောင်း၊ ၂၀၀၄–၂၀၀၅ ခုနှစ်ကို နိုင်ငံတော်၏ စက်မှုကဏ္ဍ အရှိန်အဟုန်ဖြင့် စတင်ဖွံ့ဖြိုးတိုးတက်ရမည့်နှစ်အဖြစ် သတ်မှတ်ထားသည်နှင့်အညီ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေ အားကြိုးမာန်တက် ဆောင်ရွက်ရန် မိမိတို့အားလုံး၏ တာဝန်ဖြစ်ကြောင်း။



စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး (၂/၂၀၀၄) တွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲက ချမှတ်ပေးထားသည့် ဦးတည်ချက်များနှင့်အညီ စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးကြပ်စီမံခန့်ခွဲ အကောင်အထည်ဖော်မည့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဆင့်ဆင့်ကို ဖွဲ့စည်းထားပြီးလည်း ဖြစ်ပါကြောင်း၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများကလည်း စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်တာဝန်ခံများအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း။

ပိုမိုရင်းနှီးမြှုပ်နှံ

လယ်ယာသုံး စက်ပစ္စည်းကိရိယာ ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်က ၁၉၉၅ ခုနှစ်မှစ၍ အားပေးခဲ့ကြောင်း၊ စိုက်ဧက တိုးတက်လာသည်နှင့်အမျှ လယ်ယာသုံးစက်ကိရိယာများ တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်ရန်လိုအပ်ကြောင်း၊ လယ်ယာသုံး စက်ပစ္စည်းကိရိယာထုတ်လုပ်မှု လုပ်ငန်းများ၌ ယခုထက် ပိုမိုရင်းနှီးမြှုပ်နှံလုပ်ကိုင်လာရန် လိုပါကြောင်း။

မြန်မာ့ စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်အနေဖြင့်လည်း ချေးငွေပမာဏ၏ ၆၁ ရာခိုင်နှုန်းကျော်ကို စက်မှုလုပ်ငန်းများသို့ ထုတ်ချေးထားပြီး စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အားပေးပံ့ပိုးလျက်ရှိပါကြောင်း။

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်မတီအဆင့်ဆင့်မှ တာဝန်ရှိသူများ၊ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီ၊ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီတို့မှ တာဝန်ရှိသူများ၊ စက်မှုလုပ်ငန်းရှင်များ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားရန် လိုကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က စက်မှုဇုန်များက ထုတ်လုပ်ခဲ့သည့် မော်တော်ယာဉ်အမျိုးမျိုးနှင့် အရေအတွက်များ၊ ထုတ်လုပ်သည့် မော်တော်ယာဉ်များအား စနစ်တကျ စစ်ဆေးစမ်းသပ်ခဲ့မှုများ၊ စက်မှုဇုန် သုံးဇုန်၌ သံရည်ကျို ပုံလောင်းစက်မှုအလုပ်ရုံများ တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဖြည့်ဆည်းဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဝင်းက စက်မှုဇုန်များ၏ ဘတ်စ်ကားနှင့် Truck ကား ထုတ်လုပ်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်က မန္တလေး စက်မှုဇုန်၊ တောင်ကြီးမြို့နယ် အေးသာယာစက်မှုဇုန်နှင့် မုံရွာစက်မှုဇုန်တို့၌ စက်မှုအလုပ်ရုံများ တည်ထောင်ရေးအတွက် စက်ပစ္စည်းများမှာယူပြီးစီးသည့် အခြေအနေများ၊ စက်မှုအလုပ်ရုံများတွင် လုပ်ကိုင်နိုင်သည့် ကျွမ်းကျင်ဝန်ထမ်းများ၊ ကျွမ်းကျင် လုပ်သားများ ရရှိရေးအတွက် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှုများ၊ လယ်ယာသုံး စက်ပစ္စည်းကိရိယာထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စက်မှုဇုန်တာဝန်ခံများဖြစ်ကြသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် လှမြင့်ဆွေနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံတို့က စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မြန်မာ့ စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး(၂/၂၀၀၄)၌ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဆက်လက်၍ မော်တော်ယာဉ်ထုတ်လုပ်မှုကြီးကြပ်ရေးဆပ်ကော်မတီ၊ နည်းပညာလွှဲပြောင်းရေးနှင့် စက်မှုလုပ်ငန်းဆိုင်ရာ အသိပညာပေးရေး ဆပ်ကော်မတီ၊ စံချိန်စံညွှန်းသတ်မှတ်ရေးဆပ်ကော်မတီ၊ ဒေသဆိုင်ရာ စက်မှုနည်းပညာပူးပေါင်းဆောင်ရွက်ရေးဆပ်ကော်မတီ၊ စက်မှုဥပဒေဆိုင်ရာရေးဆွဲရေး ဆပ်ကော်မတီ၊ ပုဂ္ဂလိကပိုင်လုပ်ငန်းများ၏ စက်မှုလုပ်ငန်း တိုးမြှင့်ရေး ဆပ်ကော်မတီ၊ စက်မှုလက်မှုသုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းဆပ်ကော်မတီ၊ စက်မှုလက်မှုဆိုင်ရာ သတင်းဖြန့်ချိရေးဆပ်ကော်မတီ၊ လူ့စွမ်းအား ပြုစုပျိုးထောင်ရေး ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက ဆပ်ကော်မတီ အလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မန္တလေးစက်မှုဇုန်၊ မြင်းခြံစက်မှုဇုန်နှင့် မုံရွာစက်မှုဇုန် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့်တာဝန်ခံများက စက်မှုဇုန်များ၏ ရင်းနှီးမြှုပ်နှံဆောင်ရွက်မှု၊ တည်ဆောက်ပြီးစီးသည့် စက်ရုံအလုပ်ရုံများ၊ မော်တော်ယာဉ် အမျိုးမျိုး၊ လယ်ယာသုံး စက်ပစ္စည်းကိရိယာအမျိုးမျိုး အပါအဝင် လူသုံး၊ အိမ်သုံး၊ လုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်နိုင်မှုနှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက အစိုးရနည်းပညာကောလိပ်/သိပ္ပံများနှင့် စက်မှုဇုန်များ ပိုမို၍ အဆက်အစပ်ရှိရှိ ဆောင်ရွက်နိုင်သည့် အခြေအနေများကို လည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက လယ်ယာကဏ္ဍတွင် လယ်ယာသုံးစက်ပစ္စည်းကိရိယာများ အသုံးပြုနိုင်မှု အချိုးအစားကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

အောင်မြင်အောင်ကြိုးပမ်း

ယင်းနောက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ အလေးထားအားပေးမှုများကို စက်မှုဇုန်များက တက်ကြွစွာဖြင့် အလုပ်လုပ်၍ အောင်မြင်ဖွံ့ဖြိုးတိုးတက်မှုများရရှိအောင် ကြိုးပမ်းကြရန် တိုက်တွန်းမှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

● **ရှေ့ဖုံးမှ**

အဖွဲ့ဝင်ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အလှူရှင်များ၊ တပည့်ဒါယကာ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမော တဿသုံးကြိမ် ရွတ်ဆိုကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တကေသရ ထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ မြသိန်းတန်ဆရာတော် ဘဒ္ဒန္တသောဘန လှူဒါန်းသော ငွေကျပ် ၂၅၂ သိန်းကို ဆရာတော်ကြီးကိုယ်စား သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ပေးအပ်လှူဒါန်းသည်။

ပေးအပ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ခင်ညွန့်ထံ မရမ်းကုန်းမြို့နယ် ချော်တွင်းကုန်း ဦးဘဟန်လမ်းနေ ဒေါ်တင်တင်ဦးနှင့် ရန်ကုန်မြို့ ၄၈ လမ်းနေ ဦးကျော်မင်း-ဒေါ်ခင်ခင်စိန် မိသားစုတို့က ရှမ်းပြည်နယ် ပင်လုံမြို့ မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်တွင် ထားရှိပူဇော်ခံမည့် ရွှေချိန် ၂၁ ကျပ်သားရှိ ဘုရားဆင်းတုတော်နှင့် ပရိက္ခရာရှစ်ပါးတို့ကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ထံ ရွှေသံလွင် ဦးကျော်ဝင်းမိသားစုက အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ်သိန်း ၅၀ ကိုလည်းကောင်း၊ KN ဦးတင်ဝင်း မိသားစုက ကမ္ဘာအေးသံဃာ့ဆေးရုံ ရေရရှိရေးအတွက် အလှူငွေကျပ် ၃၅ သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

အလှူငွေပေးအပ်ပွဲသို့ ဒေါက်တာမောင်မောင်ဆွေ၊ ဇနီး ဒေါ်မိုးမိုးအေး၊ သမီး မိုးမိုးမဠူ (သီရိမွန်အိမ်ရာ၊ ဘုရင့်နောင်)က အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၁၅၀၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာနမှ ဦးစီးအရာရှိ ဦးစံသင်းလှိုင်က မြသိန်းတန်ဆရာတော်ကြီး၏ လှူဒါန်းငွေကျပ် ၂၅၂ သိန်းကို ဆရာတော်ကြီး မွေးဖွားရာဇာတိဖြစ်သော မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ် ကန်နက်ကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာန အခြေခံပညာ မူလတန်းကျောင်း စက်ရေတွင်းနှင့် မီးစက်တို့အတွက် ငွေကျပ် သိန်း ၁၀၀၊ ရွှေတိဂုံစေတီတော် ရွှေပြား ရွှေသင်္ကန်းတော်အတွက် ကျပ် ငါးသိန်း၊ ဆူးလေစေတီတော် ရွှေပြား ရွှေသင်္ကန်းတော်အတွက် ကျပ် ငါးသိန်း၊ ဗိုလ်တထောင် စေတီတော် ရွှေပြား ရွှေသင်္ကန်းတော်အတွက် ကျပ် ငါးသိန်း၊ ရွှေဘုန်းပွင့်စေတီတော် ရွှေပြား ရွှေသင်္ကန်းတော်အတွက် ကျပ် ငါးသိန်း၊ ရန်ကုန်မြို့လုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်း စာအောင်ဆုပဒေသာပင်အတွက် ကျပ် ငါးသိန်း၊ မဟာစည်သာသနာ့ရိပ်သာ ဆွမ်းပဒေသာပင်အတွက် ကျပ် ငါးသိန်း၊ ဇီဝိတဒါန သံဃာ့ဆေးရုံ ဆွမ်းပဒေသာပင်အတွက် ကျပ် ငါးသိန်း၊ တပ်မတော်ဆေးရုံကြီး (မင်္ဂလာဒုံ) အတွက် ကျပ် ငါးသိန်း၊ ကမ္ဘာအေးသံဃာ့ ဆေးရုံ ဆေးပဒေသာပင်အတွက် ကျပ် ငါးသိန်း၊နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဆွမ်းပဒေသာပင်အတွက် ကျပ် ငါးသိန်း၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဆွမ်းပဒေသာပင်အတွက် ကျပ် ငါးသိန်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆွမ်းပဒေသာပင်အတွက် ကျပ် ငါးသိန်း၊ ထေရဝါဒ ဗုဒ္ဓသာသနာပြုအဖွဲ့ တောင်တန်း သာသနာပြုအတွက် သင်္ကန်းဒွိစုံ ၅၀ နှင့် ကျပ် ငါးသိန်း၊ သာသနာရေးဝန်ကြီးဌာန ဓမ္မာစရိယစာမေးပွဲနှင့် ပထမပြန်စာမေးပွဲတို့၌ အထူးအောင်ပုဂ္ဂိုလ် ၁၂ ပါးအတွက် စာအောင် ဆုပဒေသာပင် ကျပ် ၁၂ သိန်း၊ သာသနာရေးဝန်ကြီးဌာန သာသနာရေးကိစ္စ အသုံးပြုရန် ကျပ် ၁၀ သိန်း၊ မြန်မာနိုင်ငံပညာရေးကော်မတီ ပညာရေးအတွက် အသုံးပြုရန် ကျပ် ၁၀သိန်း၊ အမျိုးသားကျန်းမာရေးကော်မတီ ကျန်းမာရေးအတွက် အသုံးပြုရန် ကျပ် ၁၀သိန်း၊ ပခုက္ကူခရိုင် မြိုင်မြို့နယ် ကန်နက်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန ဆေးပဒေသာပင်အတွက် ကျပ်သိန်း ၂၀၊ ပခုက္ကူခရိုင် မြိုင်မြို့နယ် ကန်နက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း ပညာရေးရန်ပုံငွေအတွက် ကျပ်သိန်း ၂၀၊ ပခုက္ကူခရိုင် မြိုင်မြို့နယ် အိုးဘိုကျေးရွာ စက်ရေတွင်းတူးဖော်ရန်အတွက် ကျပ် ငါးသိန်းတို့အတွက် လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း အနုမောဒနာ ပြုနိုင်ရန်အတွက် ဖတ်ကြားကြေညာသည်။

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ မြသိန်းတန်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘနက အလှူငွေများ ပေးအပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းမိန့်ကြားတော်မူသည်။

ရေစက်ချတရားချီးမြှင့်

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ရေနံချောင်းဆရာတော် ဘဒ္ဒန္တတေဇနိယက ရေစက်ချတရား ချီးမြှင့်တော်မူသည်။

ယင်းနောက် အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ မရမ်းကုန်းမြို့နယ် ချော်တွင်းကုန်း ဦးဘဟန်လမ်းနေ ဒေါ်တင်တင်ဦးနှင့် ရန်ကုန်မြို့ (၄၈)လမ်းနေ ဦးကျော်မင်း-ဒေါ်ခင်ခင်စိန် မိသားစုတို့က ရှမ်းပြည်နယ် ပင်လုံမြို့ မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်တွင် ထားရှိပူဇော်ခံမည့် ရွှေချိန် ၂၁ ကျပ်သားရှိ ဘုရားဆင်းတုတော်နှင့် ပရိက္ခရာရှစ်ပါးတို့ကို ပေးအပ်လှူဒါန်းစဉ်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ မြသိန်းတန်ဆရာတော် ဘဒ္ဒန္တသောဘန လှူဒါန်းသော ငွေကျပ် ၂၅၂ သိန်းကို ဆရာတော်ကြီးကိုယ်စား သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

သိမ်ကျောင်းတော်ကြီး တည်ဆောက်ရေးလှူဒါန်းနိုင်

ရန်ကုန် မေ ၂၈

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၅၁)ရပ်ကွက် မြဝတီမင်းကြီး ၁လမ်း ပညာရာမပရိယတ္တိစာသင်တိုက်၌ ၄၅ ပေ x ၃၇ ပေ အကျယ်ဝန်းရှိ သိမ်ကျောင်းတော်ကို ၁၃၆၆ ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့)တွင် ပန္နက်တင် အုတ်မြစ်စီမံင်္ဂလာကျင်းပပြီး ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ပညာသာမိကိုယ်တိုင် လမ်းညွှန်ကြီးကြပ်ပြီး စတင်ဆောက်လုပ်နေပြီဖြစ်သည်။

သိမ်ကျောင်းတော်ကြီး အမြန်ဆောက်လုပ်ပြီးစီးနိုင်ရန် ပါရမီရှင် သိမ်ဒါယကာ ဒါယိကာမများအဖြစ် ခံယူလိုသူများသည် ဘဒ္ဒန္တ ပညာသာမိ (စာချ နာယက)ပဉ္စနိကာယ သာသနာ့ဗိမာန် ရန်ကင်း ဖုန်း-၅၆၁၁၅၃နှင့် ဗိုလ်မှူးကြီးမောင်မောင်အုန်း (ငြိမ်း) (၁၆) ငွေကြာယံရိပ်သာ ဝေဇယန္တာလမ်း တောင်ဥက္ကလာပ ဖုန်း-၅၇၉၁၀၁ တို့သို့ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

အာဆီယံရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပ

ရန်ကုန် မေ ၂၈

အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (၂၀၀၃-၂၀၀၄)စီမံကိန်းအရ မြန်မာနိုင်ငံမှ လက်ရွေးစင် ကျောင်းသား ကျောင်းသူများ ရွေးချယ်နိုင်ရေးအတွက် အာဆီယံရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စတူဒီယို(အေ)၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်အားပေးကြသည်။ (အောက်ပုံ)

ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲသို့ ပြည်နယ်နှင့်တိုင်းများမှ လက်ရွေးစင်ကျောင်းသား/ကျောင်းသူ ၁၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ အထက(၃) ပဲခူးမှ မောင်ရဲဝင်းထွန်း၊ ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းမှ မောင်အောင်သန်းတိုးနှင့် အထက(၁)ဒဂုံမှ မဆုဝင်းထိုက်တို့က ပထမ၊ ဒုတိယ၊ တတိယရရှိပြီး အထက(၆)အလုံမှ နော်ပါးဝါးဖောနှင့် အထက(၁)ပြည်မှ မောင်ထွန်းဝေယံလွင်တို့က နှစ်သိမ့်ဆုများရရှိကြသည်။

ဆုရရှိသူများအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဌာန ညွှန်ကြားရေးမှူး ဦးတင့်ဆွေ၊ ရန်ကုန် ပညာရေးတက္ကသိုလ် အင်္ဂလိပ်စာဌာနမှ ပါမောက္ခ ဒေါ်မေကျော်မြင့်၊ ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ ပါမောက္ခ ဒေါက်တာ ဒေါ်မြင့်မြင့်ကြည်၊ မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေး ကော်မတီ အတွင်းရေးမှူး ဒေါ်နန်းမွန်းတို့က ဆုများအသီးသီးချီးမြှင့်ပေးအပ်ပြီး ပြိုင်ပွဲကို မွန်းလွဲ ၃နာရီတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

ပထမ၊ ဒုတိယ၊ တတိယဆုရ ကျောင်းသား/ကျောင်းသူများသည် ဘရူနိုင်းနိုင်ငံတွင်စက်တင်ဘာလ၌ ကျင်းပမည့် ASEAN Quiz ပြိုင်ပွဲသို့ သွားရောက် ယှဉ်ပြိုင်ရန်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော် (ရေ) ရေကြောင်းရဲညွှန့်လောင်းသင်တန်း ရန်ကုန်စခန်းဆင်းပွဲ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေတက်ရောက်

ရန်ကုန် မေ ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)တို့ ပူးပေါင်းညှိနှိုင်း ဖွင့်လှစ်သော တပ်မတော်(ရေ) ရေကြောင်း ရဲညွှန့်လောင်းသင်တန်း (ရန်ကုန်စခန်း) အခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၀၆)နှင့် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၀၆) သင်တန်းများဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဧရာဝတီရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မော်သိန်း၊ သင်တန်းဗဟိုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ စခန်းကြီးကြပ်ရေးအဖွဲ့ဝင်များ၊ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ ရန်ကုန်တိုင်း ခရိုင်နှင့်မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ၊ သင်တန်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မော်သိန်းတို့က သင်တန်းဆင်း အမှာစကားအသီးသီး ပြောကြားကြသည်။

ထို့နောက် တိုင်းမှူးနှင့်မြို့တော်ဝန်တို့က သင်တန်းတွင် ထူးချွန်ဆုရသူများအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ သင်တန်းသားကိုယ်စားလှယ်များအား သင်တန်းဆင်း လက်မှတ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မေတ္တာဗျူဟာအဖွဲ့ သွေး လှူဒါန်းမည်

ရန်ကုန် မေ ၂၈

မေတ္တာဗျူဟာအဖွဲ့ကကြီးမှူး၍ (၈၂)ကြိမ်မြောက် ဒါနဥပပါရမီ၊ ဒါနပရမတ္ထပါရမီမေတ္တာ သွေးလှူဒါန်းပွဲကို ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းဓမ္မာရုံကြီး၌ ဇွန် ၆ ရက် နံနက် ၈နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ သွေးလှူဒါန်းလိုသူ မေတ္တာသွေးလှူရှင်တိုင်း လာရောက်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သားငါးပွဲ ပြိုး ပြည်အကျိုး

ရွှေပြည်ရင်ခွင် ဘဝင်ချမ်းအေး ငြိမ်းစေမင်း

တလောက သံအရာရှိတစ်ဦးဖြစ်သော နိုင်ငံခြားသား မိတ်ဆွေတစ်ဦးနှင့် တွေ့သည်။ သူကား သူတို့နိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးဖြစ်သည့်အပြင် မြန်မာနိုင်ငံဆိုင်ရာသံရုံးတွင် တာဝန်ထမ်းဆောင်နေသူဖြစ်သဖြင့် မှုခင်းတားဆီးနှိမ်နင်းရေးနှင့် လုံခြုံရေးအမြင်ရှိသူတစ်ဦးလည်း ဖြစ်၏။

"ဘယ်လိုလဲ၊ ကျွန်တော်တို့ဆီမှာ နေထိုင်ရတာ စိတ်အေးချမ်းသာမှု ရှိရဲ့လား"

"အဲဒါပြောမလို့ပဲ၊ ဘယ်သူတွေ ဘာပြောပြော ကျွန်တော်ဖြင့် မြန်မာပြည်မှာ လာနေရတာကို အလွန်နှစ်ခြိုက်တယ်။ ဘာမှ ပူပန်စရာ မလိုဘူး။ သိပ်စိတ်ချမ်းသာတယ်။ ပြောရဦးမယ်၊ တစ်နေ့က ကျွန်တော့်ကားကို ရုံးရှေ့လမ်းပေါ်မှာ ရပ်ထားခဲ့တယ်။ ကားသော့ကလဲ သော့ပေါက်မှာ တန်းလန်းနဲ့ ကားတံခါးကို သော့မပိတ်မိဘူး။ ကားပေါ်မှာ ပိုက်ဆံအိတ်ရော၊ စာရွက်စာတမ်းတွေရော မေ့ကျန်ရစ်ခဲ့တယ်။ နောက်တစ်နေ့မနက် ကားသော့ကို ရှာမှပဲ ကားကို လမ်းပေါ်ရပ်ထားတာသတိရပြီး စိတ်ပူသွားမိတယ်။ ကားရော၊ ကားပေါ်က ပစ္စည်းတွေပါ ဘာမှအပျောက်အရှမရှိဘူး။ ကျွန်တော်တို့ နိုင်ငံမှာဆိုရင်တော့ မိနစ်ပိုင်းလောက် သတိလစ်သွားတာနဲ့ အားလုံးကုန်တာပဲ"

"သိပ်တော့ စိတ်မချနဲ့ဗျ၊ ကျွန်တော်တို့ဆီမှာလဲ ဒုစရိုက်သမားကတော့ ရှိတာပဲ၊ ဒီမှာလဲကားခိုးတာတွေ၊ ကားပစ္စည်းဖြုတ်ယူတာတွေ ရှိတယ်"

"အနည်းအကျဉ်း တစ်ခါတစ်ရံတော့ ဖြစ်တတ်တာပေါ့ဗျာ။ ကျွန်တော်တို့ဆီမှာတော့ နည်းနည်းလေးမှ အလစ်ပေးလို့မရဘူး။ ရာဇဝတ်မှု ထူပြောတယ်လို့ ပြောချင်တာပါ။ နိုင်ငံအတော်များများနဲ့ နှိုင်းယှဉ်ကြည့်ရင် လုံခြုံမှု၊ အေးချမ်းမှုအရ မြန်မာပြည်ဟာ နေချင်စရာအကောင်းဆုံး တိုင်းပြည်တစ်ခုလို့ ကျွန်တော် ခံစားရတယ်။ ကျွန်တော် မြန်မာပြည်ကို တာဝန်ထမ်းဖို့လာရမယ်ဆိုတုန်းက ဟိုမှာကြားဖူးနားဝနဲ့ ပြောသံဆိုသံတွေကို ဗဟုသုတအဖြစ်နာယူခဲ့ရတော့ မှန်တာဝန်ခံရရင် ကျွန်တော်ဖြင့် စိုးရွံ့စိတ်နဲ့လာခဲ့ရတာ။ ကြားဖူးနားဝနဲ့ ကောလာဟလပြောသံဆိုသံတွေရဲ့ လွှမ်းမိုးမှုကို မသိမသာခံလိုက်ရတဲ့သဘောပါပဲ။ အခု ပြန်စဉ်းစားမိမှ မြန်မာအကြောင်းကိုမသိ၊ မြန်မာပြည်ကိုမရောက်ဖူးဘဲနဲ့ လေသံကြားနဲ့တွေးကြောက်ရတဲ့လူတွေ ဘယ်လောက်များနေမယ်ဆိုတာ ကိုယ်ချင်းစာမိတယ်"

"ဒါနဲ့ လွန်ခဲ့တဲ့လက ခွင့်ပြန်ခဲ့တဲ့ အတွေ့အကြုံလေး ပြောပြပါဦး"

"တာဝန်ထမ်းဆောင်တာ တစ်နှစ်ပြည့်လို့ ခွင့်တစ်လ ပြန်တာပါ။ ခွင့်အပြန် ကိုယ့်မိခင်မြေလဲ ပြန်ရောက်ရော၊ အမယ်လေးဗျာ. . . တစ်နှစ်အတွင်း ကျွန်တော်တို့နိုင်ငံရဲ့ ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးဟာ အတော်ပြောင်းလဲသွားတယ်။ ဒုစရိုက်မှုတွေ ထူပြောလာတယ်။ လူသတ်မှု၊ မုဒိမ်းမှု၊ လုယက်မှုတွေ တိုးပွားလာတယ်။ အထူးသဖြင့် ကလေးငယ်တွေ ပြန်ပေးဆွဲခံရတာနဲ့ အသတ်ခံရတာများတယ်။ ခရီးသွားရတာ၊ လုံခြုံစိတ်ချရမှု မရှိတော့ဘူး။ ကိုယ့်သားသမီးတွေ အတွက်လဲ အမြဲပူပန်နေရတယ်။

ဒီကြားထဲ ခွင့်ပြန်နေစဉ်ကာလအတွင်း ကျွန်တော်တို့ သံရုံးသံတမန်ဝန်ထမ်းများ လုံခြုံရေးနဲ့ပတ်သက်တဲ့ ဆွေးနွေးပွဲတစ်ခုကို အာဖရိကအနီးက နိုင်ငံတစ်နိုင်ငံမှာ ကျင်းပခဲ့တယ်။ လေဆိပ်ကို ဝင်လိုက်တာနဲ့ လက်နက်ကိုင်အစောင့်အရှောက်တွေနဲ့ ကြီးလန့်စာစားပဲ။ ကျွန်တော်ဖြင့် စိတ်မသက်သာလှပါဘူးဗျာ။ ဆွေးနွေးပွဲမှာလဲ အကြမ်းဖက်ခံရရင် ဘယ်လိုတုံ့ပြန်မယ်၊ ကြိုတင်ကာကွယ်ဖို့ ဘယ်လိုအစီအမံတွေချမယ်နဲ့ သူတို့လုပ်နေ ပြောနေတာတွေဟာ မြန်မာပြည်ကသွားတဲ့ ကျွန်တော့်အဖို့ ကိုယ်နဲ့ ဆီလျော်အပ်စပ်ခြင်းမရှိတဲ့ ပြဿနာကို ဘုမသိဘမသိ ဝင်နားထောင်ရသလို ဖြစ်နေတယ်။ သူတို့ပြောတဲ့ ကိစ္စမျိုး ကျွန်တော်တာဝန်ထမ်းဆောင်နေရတဲ့မြန်မာပြည်မှာ စိတ်ကူးနဲ့တောင် လုပ်လို့မရဘူးဆိုတာ ကျွန်တော်သိတယ်"

"ဒီထက်ဆိုးတာရှိသေးတယ်၊ သွားတာကတော့ လုံခြုံရေးဆွေးနွေးပွဲ၊ ဆွေးနွေးပွဲပြီးစီးလို့ ကျွန်တော်တည်းတဲ့ဟိုတယ်လဲ ပြန်ရောက်ရော၊ တံခါးလက်ကိုင်သော့က ဟောင်းလောင်းပေါက်ဖြစ်နေပြီ။ သော့ဖျက်ပြီး အထဲကပစ္စည်းတွေ အကုန်မ,သွားတယ်လေ။ ဘယ်လိုမှ အစရှာမရဘူး။ မြို့ထဲမှာလဲ လုံခြုံရေးအခြေအနေအရ၊ အစိုးရဝန်ထမ်းမဟုတ်တဲ့ အလုပ်သမားတွေကအစ လုံခြုံရေးဆိုပြီး သေနတ်တွေတကားကားနဲ့၊ စောင့်ကြပ်နေကြလေရဲ့။ စနစ်ကျနတဲ့

ထက်ခေါင်

လေ့ကျင့်မှုမရှိဘဲ အရပ်သား သေနတ်ကိုင်တယ်ဆိုတာ ဘယ်လောက်အန္တရာယ်များမယ်ဆိုတာ ခင်ဗျားလဲသိမှာပါ။ ကျွန်တော်ဖြင့် အဲဒီအချိန်မှာ မြန်မာပြည်ကို အတော်လွမ်းမိတယ်။ ဒါ တကယ့်ခံစားချက်နဲ့ ရိုးသားစွာ ပြောတာပါ။ **ဒါကြောင့် ကျွန်တော်က ကျွန်တော့်မိတ်ဆွေများ၊ မိဘဆွေမျိုးသားချင်းများကို ပြောရတယ်၊ မင်းတို့ သိသလို ကြားသလို မဟုတ်ဘူး။ မြန်မာပြည်ဆိုတာ အလွန်အေးချမ်းတယ်။ တတ်နိုင်ရင် တစ်သက်တာနေဖို့တောင် စဉ်းစားသင့်တဲ့နေရာပဲ။**

"ကျွန်တော်တို့နိုင်ငံအပေါ် ခင်ဗျား ဒီလို ရှုမြင်သုံးသပ်ပေးတဲ့အတွက် ကျေးဇူးအထူးပါပဲဗျာ"

" ကျေးဇူးတင်ရမှာက ကျွန်တော်ဗျ။ မြန်မာပြည်မှာ ကျွန်တော်တို့ ခေတ္တခဏ လာရောက် တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း ကျွန်တော်တို့ကို ဘေးမသီရန်မခ စိတ်အေးချမ်းသာစွာ သွားလာနေထိုင်နိုင်အောင် စောင့်ရှောက်ပေးတဲ့ မြန်မာနိုင်ငံအစိုးရနဲ့ မှုခင်းများမဖြစ်ပွားအောင် တရားဥပဒေစိုးမိုးရေးကို အချိန်ပြည့်ဆောင်ရွက်ပေးနေကြတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကြီးကို ကျွန်တော်က လှိုက်လှဲစွာကျေးဇူးတင်ကြောင်း ပြောပါရစေ။ ကျွန်တော်ကိုယ်တိုင် ရဲအရာရှိတစ်ဦးဖြစ်တာကြောင့် ရဲတပ်ဖွဲ့ရဲ့တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးအတွက် ဆောင်ရွက်ရတဲ့ ကြီးလေးများပြားတဲ့ တာဝန်တွေကို ကိုယ်ချင်း စာမိပါတယ်"

" ဒါပေါ့ဗျာ. . . ရဲတပ်ဖွဲ့ရဲ့ အဓိကတာဝန်နှစ်ရပ်ကိုက ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ခြင်းနဲ့ ပြည်သူလူထုကို အလုပ်အကျွေးပြုခြင်းပဲ မဟုတ်လား။ အဲဒီတာဝန်နှစ်ရပ်ဟာ ကမ္ဘာပေါ်မှာရှိသမျှ ဘယ်နိုင်ငံ ဘယ်လူမျိုး ဘယ်ဘာသာ ယဉ်ကျေးမှုအတွင်းမှာရှိတဲ့ ရဲမဆို ရဲမှန်သမျှအားလုံးကိုယ်စီလိုက်နာဆောင်ရွက်နေကြတဲ့ တာဝန်ပဲ။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကလဲ ဒီအခြေခံတာဝန်နှစ်ရပ်ကို ကျေပွန်အောင် ကြိုးပမ်းထမ်းဆောင်နေခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်အကြီးအကဲကလဲ ရဲတပ်ဖွဲ့ဟာ ပြည်သူတွေ တံခါးဖွင့်ပြီး စိတ်ချလက်ချ အိပ်စက်အနားယူနိုင်တဲ့ အခြေအနေမျိုးရောက်သည်အထိ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ပြီး ပြည်သူ့ဘဝ လုံခြုံစိတ်ချရမှု အပြည့်ရှိအောင် အကာအကွယ်ပေးရမယ်လို့ လမ်းညွှန်ထားတယ်ဗျ။ အဲဒီအဆင့်အထိရောက်အောင် ကျွန်တော်တို့အများကြီး ကြိုးစားနေပါတယ်။ အခု ခင်ဗျားပြောတဲ့ အေးချမ်းလုံခြုံမှုရှိတယ်ဆိုတဲ့အဆင့်နဲ့တင် ကျေနပ်နေလို့ မရသေးဘူး။ ကျွန်တော်တို့လိုချင်တဲ့အဆင့် ရောက်ဖို့ကတော့ မှုခင်းကျဆင်းရေးလုပ်ငန်းတွေမှာ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်လာဖို့ကလဲ အဓိကကျတယ်။ ဒီကိစ္စက ရဲတပ်ဖွဲ့ချည်းပဲလုပ်လို့ မအောင်မြင်နိုင်ဘူး"

ကျွန်တော့်မိတ်ဆွေကား ခေါင်းတညိတ်ညိတ်ဖြင့် ကျေနပ်စွာ ပြုံးနေလေသည်။ လူတို့ကား ငြိမ်းချမ်းစွာနေရခိုက် ငြိမ်းချမ်းခြင်း၏တန်ဖိုးကို မေ့လျော့နေတတ်ကြသည်။ အမှန်တော့ ငြိမ်းချမ်းခြင်းကို နေ့ချင်းညချင်း တည်ဆောက်၍ မရနိုင်။ ထိုရလဒ်အတွက် အသက်၊ သွေး၊ ချွေးတို့ဖြင့် ရင်းနှီးရသည်။ ကံ၊ ဉာဏ်၊ ဝီရိယတို့ဖြင့် ထုံမွှမ်းရသည်။ အသိပညာ၊ အတတ်ပညာ၊ ကာယအား၊ ဉာဏအားတို့ဖြင့် တည်ဆောက်ယူရသည်။ ထိုမျှ မကသေး။ ငြိမ်းချမ်းခြင်းကို တည်ဆောက်နေခိုက် တွေ့ကြုံရတတ်သည့် ဝေဖန်ခြင်း၊ ပြစ်တင်ခြင်း၊ သားပုပ်လေလွင့် ပြောဆိုခြင်းတို့ကို စိတ်ရှည်သည်းခံ၊ ခါးစည်းခံနိုင်စွမ်းရှိရသည်။ အေးငြိမ်းချမ်းသာခြင်းသို့ သွားရာလမ်းသည် ဖြောင့်ဖြူးရိုးထုံးစံမရှိ။ ခရီးလမ်းတစ်လျှောက် အခက်အခဲ အဆီးအတားများစွာကို အပွန်းအပဲ့အကြွေအလွင့်တို့ဖြင့် ရင်းနှီးဖြတ်သန်းရသည်။ မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုး၏သမိုင်းကိုပင်ကြည့် ကြည့် ထိုသို့သောအဖြေတစ်မျိုးတည်းကိုသာ တွေ့ရလိမ့်မည်။

အချို့က အေးချမ်းတည်ငြိမ်နေသည့်အခါ မိမိ၏အတ္တအလိုကို ရှေ့တန်းတင်လျက် တည်ငြိမ်မှုကိုတိုက်ခိုက်ဖျက်ဆီးတတ်သည်။ ထိုအခါ ထွက်ပေါ်လာသော အကျိုးဆက်တို့မှာ ကိုယ့်လိုဘလည်းမပြည့်၊ တည်ငြိမ်အေးချမ်းခြင်းသုခဘုံတို့လည်း ပျောက်ဆုံးသွားရသည်ချည်းသာဖြစ်သည်။ ရှုပါဦးလော့။ မျက်မှောက်ကမ္ဘာတွင် အရှေ့အလယ်ပိုင်းဒေသ၌ ဒေါသလောင်မီးအရှိန်ညီးညီးတောက်သဖြင့် ငြိမ်းချမ်းမှုကင်းမဲ့နေသည့် အနိဋ္ဌာရုံများ၊ အကောင်းမြင်ချင်၍ ကယ်တင်ရပါသည် ဆိုသူတို့ကြောင့် အာဖဂန်ပြည်သူတို့ တည်ငြိမ်အေးချမ်းမှုလမ်းပျောက်လျက် ဒုက္ခပင်လယ်ဝေနေပုံများ၊ မဆီမဆိုင် ကိုယ့်ကိုလာသနားသယောင်ယောင်နှင့် ကျူးကျော်လာသူ ပြည်ဖျက်သမားတို့ကြောင့် အေးချမ်းသာယာမှုလမ်း ဘယ်မမြင်နိုင်ဘဲ ငရဲခန်းနှင့်ကြုံတွေ့နေကြရသည့် သွေးနှင့်မျက်ရည်ကြားမှ အီရတ်ပြည်သူများ. . . စသည်စသည်ဖြင့် များစွာသော နိုင်ငံတကာဇာတ်ခုံပေါ်မှ နိမိတ်ပုံရိပ်တို့ကို ကိုယ်ချင်းစာစိတ်ဖြင့်ခံစားလျက် ပြန်လည်ဆင်ခြင်ကြည့်သောအခါ ကျွန်တော်တို့ရေမြေ၏ အေးချမ်းခြင်းနှင့် လှပခြင်းဂုဏ်အင်္ဂါတို့ကို ပိုမိုကြည်နူးစွာ ခံစားလိုက်ရပါသည်။ ဤသရုပ်များကို မျက်မှောက်ကာလ လောကဇာတ်ခုံ၏ ဇာတ်ကွက်များအဖြစ်လည်း တွေ့ရှိနိုင်သည်။

ယခု ကျွန်တော့်မိတ်ဆွေကား အေးချမ်းတည်ငြိမ်မှုရှိသည့် မြန်မာ့မြေ၏ ရသကို ခံစားတွေ့ရှိသွားလေပြီ။ သို့သော် မြန်မာတို့၏ တကယ့်အေးငြိမ်းချမ်းသာခြင်း အနှစ်သာရကိုမူ ထဲထဲဝင်ဝင်ခံစားနိုင်မှုရှိလိမ့်ဦးမည်ဟု ကျွန်တော်မထင်။ သူတို့သိနေသော သာမန်အေးငြိမ်းခြင်းကိုသာမက ထို့ထက်ပို၍ ထေရဝါဒပြည်ဖွား မြန်မာပြည်သားတို့၏ အဆုံးစွန်သော အေးငြိမ်းချမ်းသာခြင်းသုခရသကိုလည်း သူတို့တစ်တွေရှာဖွေတွေ့ရှိနိုင်ကြပါစေဟု ကျွန်တော်ဆန္ဒပြုမိပါသည်။ ထိုသို့သော မြန်မာတို့၏ အေးငြိမ်းချမ်းသာခြင်းအနှစ်သာရအစစ်ကို သူတို့တွေ့ရှိခဲ့ကြမည်ဆိုလျှင် မြန်မာပြည်သည် အာရှမှာသာမက ကမ္ဘာပေါ်၌ လုံခြုံစိတ်ချရမှုအရှိဆုံး၊ အငြိမ်းချမ်းဆုံးနှင့် အအေးမြဆုံးသော နိုင်ငံဖြစ်ကြောင်း အငြင်းပွားသူမရှိလက်ခံလာကြလိမ့်မည်ဟု ကျွန်တော်ယူဆမိပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၉-၅-၂၀၀၄
(စနေနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"ဝိသုဒ္ဓိခုနစ်ပါး ရထားခုနစ်စင်းဥပမာ"**

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄:၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၅ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၄၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၄:၅၀ ၈။ မျိုးချစ်တပ်မတော်
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Demand & Supply (အိမ်တွင်းစီးပွား)
၅:၃၀ ၁၀။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဉာဏ်ကျယ်လေး"** (အပိုင်း-၂၆)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (ဒုတိယတွဲ) (အပိုင်း-၂၁)

ပို့ဆောင်ဂါရဝပြု

အိန္ဒိယနိုင်ငံ သက်သိယနဂိုပြည် မြန်မာဘုန်းတော်ကြီး ကျောင်းသစ်၏ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တနန္ဒသည် အိန္ဒိယနိုင်ငံသို့ မေ ၂၈ရက်က ပြန်လည်ကြွရောက်တော်မူရာ သီဟသုဓမ္မမဏိဇောတဓရ သဒ္ဓမ္မဇောတိကဓရ ရွှေမြင်တင် ဦးညိုနှင့် တပည့်ဒါယကာ ဒါယိကာမတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်ဂါရဝပြုစဉ်။ (က-ပ)

ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၂၈

ရန်ကုန်မြို့တော်နှင့် ညီအစ်မမြို့တော်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်စုပြည်နယ် ရောင်ဇူးမြို့တော်ဝန်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးနှင့်လေ့လာရေး ခရီးသွားရောက်ခဲ့သော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ခေါင်းဆောင်သောအဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်အဖွဲ့အား အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများနှင့် မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ဖြစ်သည့် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကျင်းပရာ သဘာပတိ ဦးကျော်မျိုးဝင်းက အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကျင်းပရာ သဘာပတိ ဦးခင်ဇော်က အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

■ ***ရွှေ့ဖုံးမှ***

နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၁)၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရင်လောက ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီလုပ်ငန်းအဖွဲ့(၃)မှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဖြူကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရင်ရင်သန်းကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်သည့် ညီလာခံကိုယ်စားလှယ် ရာခိုင်နှုန်းအားဖြင့် ၉၃ ဒသမ ၁၀ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ဖတ်ကြားတင်ပြ

ထို့နောက် သဘာပတိ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရင်လောက အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စား လှယ်များ၏ အကြံပြုဆွေးနွေးချက်စာတမ်းကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပါတီမှ ကိုယ်စားလှယ် ဦးခင်မောင်ကြီးက ဖတ်ကြားတင်ပြသည်။

ယင်းနောက် သဘာပတိ ဦးထွန်းရင်လောက နိဂုံးချုပ်အမှာစကားပြောကြားပြီး နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉နာရီခွဲတွင် ရပ်နားလိုက်သည်။

အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့

အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပရာ သဘာပတိအဖြစ် ပဲခူးတိုင်း (အနောက်)မှ ဦးကျော်မျိုးဝင်းကဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဦးဘိုသိန်းနှင့်စစ်ကိုင်းတိုင်းမှ ဦးခင်မောင်အေးတို့က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီလုပ်ငန်းအဖွဲ့(၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အလုပ်သမားကိုယ်စားလှယ်များအစု အဖွဲ့အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၄၈ဦးလုံး ရာခိုင်နှုန်းပြည့်တက်ရောက်သဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ဖတ်ကြားဆွေးနွေး

ထို့နောက် သဘာပတိ ပဲခူးတိုင်း(အနောက်)မှ ဦးကျော်မျိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီက ရှင်းလင်းတင်ပြခဲ့သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍများအတွက် အမျိုးသားညီလာခံ အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့ကိုယ်စားလှယ်များ ပါဝင်သော စာတမ်းပြုစုရေး အဖွဲ့ငယ်(၃)မှ အကြံပြုရေးသားသည့် စာတမ်းကို ဖတ်ကြားဆွေးနွေးတင်ပြသည်။

ယင်းသို့ အကြံပြုစာတမ်းကို ဖတ်ကြားဆွေးနွေးတင်ပြရာတွင် စီးပွားရေးကဏ္ဍအပိုင်းကို ပဲခူးတိုင်းမှ အလုပ်သမားကိုယ်စားလှယ် ဦးဇော်ဝင်းကလည်းကောင်း၊ စိုက်ပျိုးရေးကဏ္ဍအပိုင်းကို ရန်ကုန်တိုင်းမှ အလုပ်သမားကိုယ်စားလှယ် ဦးစန်းမောင်ကလည်းကောင်း၊ မွေးမြူရေးကဏ္ဍအပိုင်းကို မကွေးတိုင်းမှ အလုပ်သမားကိုယ်စားလှယ် ဦးမောင်မောင်ကလည်းကောင်း၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းမှ အလုပ်သမားကိုယ်စားလှယ်ဦးလှအေးကလည်းကောင်း အသီးသီး ဖတ်ကြားဆွေးနွေးတင်ပြကြသည်။

အဆိုပါ ဖတ်ကြားဆွေးနွေးတင်ပြသည့် စာတမ်းနှင့် စပ်လျဉ်း၍ ပဲခူးတိုင်း အလုပ်သမားကိုယ်စားလှယ် ဦးကြည်မြင့်၊ ရန်ကုန်တိုင်းမှ အလုပ်သမားကိုယ်စားလှယ် ဒေါက်တာမျိုးသန့်တင်တို့က ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက်၁၀ နာရီခွဲတွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ဖြစ်သည့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကျင်းပရာ သဘာပတိ ဦးမြတ်ကိုက အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့

အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၆)၌ ကျင်းပရာ သဘာပတိအဖြစ် ရုပ်ရှင်ဒါရိုက်တာ ဦးခင်ဇော်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင် များအဖြစ် ရထားပို့ဆောင်ရေး ဝန်ကြီးဌာနမှ ရုံးအဖွဲ့မှူး ဦးလှမြင့်နှင့် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဦးတင်လှိုင်တို့က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း အဖွဲ့(၈)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းမြင့်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စာ

စာမျက်နှာ ၁၅ သို့

စာမျက်နှာ ၁၁ မှ

၅၃ ဦးတက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၄ဒသမ ၆၄ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့်အစည်းအဝေးစတင်ကြောင်းကြေညာသည်။

အကြံပြုစာတမ်းတင်သွင်း

ထို့နောက် သဘာပတိ ရုပ်ရှင်ဒါရိုက်တာဦးခင်ဇော်က အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက ကဏ္ဍအလိုက်ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဦးခင်ကြွယ်၊ ရန်ကုန် တက္ကသိုလ်မြန်မာစာဌာန ပါမောက္ခဒေါ်ပို၊ ရန်ကုန်နည်းပညာတက္ကသိုလ် သင်္ချာဌာန ဌာနမှူး ဒေါက်တာမြင့်သိန်း၊ ဂီတစာဆို ဟသ်ာတ ဦးမြင့်ဌေနှင့် မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ် ဦးစန်းတင်တို့က အကြံပြုစာတမ်းများ အသီးသီး တင်သွင်းကြသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၉ နာရီ ၅၅မိနစ်တွင် ရပ်နားလိုက်သည်။

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ အလှည့်ကျသဘာပတိ အဖြစ် ပြည်ထဲရေးဝန်ကြီးဌာနမှ ဦးမြတ်ကိုက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် သာသနာရေးဝန်ကြီးဌာနမှ ဦးအုံ့မောင်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးလှတင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၉) မှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၉ ဦးအနက် ၁၀၈ ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၀၈ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိ ပြည်ထဲရေးဝန်ကြီးဌာနမှ ဦးမြတ်ကိုက အဖွင့်အမှာစကား ပြောကြားသည်။

ဖတ်ကြားတင်ပြ

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ၏ ရှင်းလင်းတင်ပြချက်များပေါ် ကဏ္ဍအလိုက် လေ့လာရေးစာတမ်းပြုစုရေး အဖွဲ့ငယ်များက အကြံပြုစာတမ်းများကို အသီးသီး ဖတ်ကြားတင်ပြကြရာ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍဆိုင်ရာစာတမ်းကို သတ္တုတွင်းဝန်ကြီးဌာနမှ ဦးလှသိန်းကလည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍဆိုင်ရာစာတမ်းကို ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဦးလှသောင်းမြင့်ကလည်းကောင်း၊ နိုင်ငံခြားရေးကဏ္ဍဆိုင်ရာ စာတမ်းကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးတင့်တယ်ကလည်းကောင်း အသီးသီး ဖတ်ကြားတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များက စာတမ်းများအပေါ် အကြံပြုဆွေးနွေးကြပြီး အလှည့်ကျ သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ၁၀နာရီ၁၀မိနစ်တွင် ရပ်နားလိုက်သည်။

ဆက်လက်၍ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၇)၌ကျင်းပရာ သဘာပတိအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာနမှ ဦးမြတ်ကို၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးလှတင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးကိုကိုကျော်နှင့် သာသနာရေးဝန်ကြီးဌာနမှ ဦးအုံ့မောင်တို့တက်ရောက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီလုပ်ငန်းအဖွဲ့(၉)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

ယင်းနောက် သဘာပတိအဖွဲ့ဝင်များက စာတမ်းပြုစုရေးအဖွဲ့များ၏ တင်ပြသော ကဏ္ဍအလိုက်အကြံပြုစာတမ်းများကို ဖတ်ကြားလေ့လာ ဆွေးနွေးညှိနှိုင်းကြပြီး သဘာပတိအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ရပ်သိမ်းလိုက်သည်။

အလားတူ တိုင်းရင်းသားကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များသည်လည်း မိမိတို့အစုအဖွဲ့အစည်းအဝေးတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် စာတမ်းတင်သွင်းနိုင်ရေးအတွက် သတ်မှတ်နေရာများ၌ ပြည်နယ်နှင့်တိုင်း အလိုက် ညီလာခံကိုယ်စားလှယ်များက စာတမ်းများကို ဆွေးနွေးညှိနှိုင်းပြုစုလျက်ရှိကြသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်း တိုင်းရင်းသားကိုယ်စားလှယ်များ၏ စာတမ်းပြုစုရေး ညှိနှိုင်းအစည်းအဝေးပြုလုပ်စဉ်။ (သတင်းစဉ်)

လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် မေ ၂၈

လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် (၃၃၇/က) ပြည်လမ်း လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၇၂)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက် တရားစခန်းကို ဇွန် ၂ရက်မှ ၁၀ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၅၃၄၃၂၉သို့ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရုပ်ရှင်ဇာတ်ကားဖြင့်ပြသဖျော်ဖြေတင်ဆက်

ရန်ကုန် မေ ၂၈

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ၊ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ စိတ်အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ် ည၇နာရီမှ စတင်၍ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ယမန်နေ့ညပိုင်းတွင် ဒါရိုက်တာစင်ရော်မောင်မောင်ရိုက်ကူးပြီး သရုပ်ဆောင် ဒွေး၊ မေသန်းနု၊ ခိုင်သင်းကြည်၊ လှမျိုးသဉ္ဇာနွယ်၊ ဒေါ်အိအိစိုး၊ ဦးစောနိုင်(ရှမ်းပြည်)တို့ ပါဝင်သရုပ်ဆောင်ကြသည့် ၂၀၀၁ခုနှစ် အကယ်ဒမီဆုရ "ချစ်ခြင်း၏အခြားမဲ့၌" ရုပ်ရှင်ဇာတ်ကားဖြင့် ဖျော်ဖြေတင်ဆက်ရာ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအပန်းဖြေကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ခုနှစ်၊ မေလအတွက် နောက်ဆုံးပတ်

(တနင်္ဂနွေနေ့) (၃၀-၅-၂၀၀၄)ရက်နေ့

၂၀၀၄ခုနှစ်၊ ဇွန်လအတွက်

(၁၃-၆-၂၀၀၄)ရက်နေ့ နှင့် (၂၇-၆-၂၀၀၄)ရက်နေ့

ရခိုင်ပြည်နယ်လေပြင်းဒဏ်သင့်မြို့နယ်များ၌ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် မေ ၂၈

၂၀၀၄ ခုနှစ် မေ ၁၉ရက်နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေ၊ ကျောက်ဖြူ၊ မြေပုံနှင့် ပေါက်တောမြို့နယ်တို့၌ လေပြင်းကျရောက်ခဲ့ရာ စစ်တွေမြို့နယ်တွင် အိမ်ထောင်စု ၂၀၀ ခန့်၊ ကျောက်ဖြူမြို့နယ်တွင် အိမ်ထောင်စု ၁၅၀ခန့်၊ မြေပုံမြို့နယ်နှင့် ပေါက်တောမြို့နယ်တို့တွင် အိမ်ထောင်စု ၁၀၀၀စီခန့် လေပြင်းဒဏ်သင့်ခဲ့သည်။

လေပြင်း ကျရောက်ချိန်တွင် ပင်လယ်ပြင်သို့ ငါးဖမ်းထွက်ချိန်၊ ပင်လယ်ကမ်းခြေရှိ ပုစွန်ကန်၊ ငါးကန်နှင့် လယ်ယာလုပ်ငန်းတို့တွင် လုပ်ငန်းခွင် ဝင်ရောက်နေသော ကာလဖြစ်၍ လူသေဆုံးမှု၊ ပျောက်ဆုံးမှုများ ရှိခဲ့သည်။

အဆိုပါ လေပြင်းကျရာဒေသများသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်သည့် ကယ်ဆယ်ရေးအဖွဲ့များ သွားရောက်ပြီး အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ကြီးကြပ်မှုဖြင့် အရေးပေါ် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီးဦးဆောင်၍ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနတို့ အပါအဝင် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီ အသင်းမှ တာဝန်ရှိသူများက လေပြင်းဒဏ်ခံရသော မြို့များ၊ကျေးရွာများသို့ သွားရောက်၍ ဆန်၊ဆား၊အိုးခွက်ပန်းကန်၊ အဝတ်အထည်ငွေကြေးစသည့် ကယ်ဆယ်ရေးပစ္စည်းများပံ့ပိုးပေးခြင်း၊ ကူးစက်ရောဂါများ မဖြစ်ပွားရေးအတွက် ကာကွယ်မှုများ ဆောင်ရွက်ပေးခြင်း၊ သောက်သုံးရေရရှိရေး စီမံဆောင်ရွက်ပေးခြင်းစသည့်ကယ်ဆယ်ရေးလုပ်ငန်းများကိုဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၉-၅-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ စားကြမယ်ဟော့ကောင်းကောင်း
- ၈:၀၅ ၆။ အဆိုပြိုင်ပွဲ
- ၈:၁၅ ၇။ သဖန်းဆိပ်ဘက်စုံရေလှောင်တမံ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Happy° and Educational English Summer Course MRTV

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၂၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၀ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၃:၂၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နက်ရှိုင်းမေတ္တာ"**(အပိုင်း-၄၅)
- ၁၃:၅၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၁၄:၁၀ ၈။ **"အိပ်မက်များကိုသိမ်းပိုက်ခြင်း"** (သျှားညို၊ မင်းဟိဏ်း၊ အိုင်းရစ် လေပြေဦး၊ ခင်လှိုင်) (ဒါရိုက်တာ-သက်တင်)
- ၁၄:၄၅ ၉။ International News
- ၁၅:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ တေးဂီတအစီအစဉ်
- ၁၆:၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
- ၁၆:၅၅ ၅။ အကပဒေသာ
- ၁၇:၁၀ ၆။ တေးဂီတအစီအစဉ်
- ၁၇:၂၀ ၇။ အိမ်တွင်းမှုသိပ္ပံတိုင်းရင်းသား ရိုးရာ အစားအစာ(ကရင်)
- ၁၇:၃၀ ၈။ တေးဂီတအစီအစဉ်
- ၁၇:၄၀ ၉။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၈:၀၅ ၁၀။ တိုင်းရင်းသားတို့အလှ စည်းလုံးခြင်းအက
- ၁၈:၁၅ ၁၁။ စားကြမယ်ဟော့ကောင်းကောင်း
- ၁၈:၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၄။ Discovery
- ၁၉:၁၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းပွင့်"** အပိုင်း(၁၅)
- ၁၉:၄၅ ၁၆။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ မြန်မာဗီဒီယိုဇာတ်လမ်း **"အချစ်ဦးသို့ဦးညွတ်ခြင်း"** (အပိုင်း-၁) (လွင်မိုး၊ နန္ဒာလှိုင်၊ ရတနာခင်) ဒါရိုက်တာ-ကိုဇော် (အရဏ်ဦး)

မြန်မာစစ်တုရင်အဖွဲ့

မေ၂၈ရက်က စတုတ္ထအကြိမ်မြောက် ဗန်ကောက်အလွတ်တန်း စစ်တုရင်ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်မှ အုပ်ချုပ်သူ ဦးဌေးအောင်(တိ/ကု)သားသတ်ရုံများဌာန ခေါင်းဆောင်သော မြန်မာအားကစားအဖွဲ့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင်တွေ့ရစဉ်။

(မြန်မာ့အလင်း)

ကျောဖုံးမှ

ဆေးလိပ်၏ များပြားလှသော ဆိုးကျိုးကို ပြည်သူများသိရှိရန် ရေးသားတင်ပြလိုသဖြင့် သိမ်ဖြူလမ်း ကျန်းမာရေးစီမံကိန်း ဦးစီးဌာနသို့ မြန်မာ့အလင်းက သွားရောက်၍ တာဝန်ရှိသူများအား မေးမြန်းခဲ့သည်။

နှစ်စဉ်ဆောင်ပုဒ်ရွေးချယ်သတ်မှတ်

ရှေးဦးစွာ ကျန်းမာရေးစီမံကိန်း ဦးစီးဌာန ညွှန်ကြားရေးမှူး(ကျန်းမာပညာ)ဒေါက်တာဒေါ်ခင်သန်းဦးနှင့် တွေ့ဆုံမေးမြန်းခွင့်ရရှိသည်။ ညွှန်ကြားရေးမှူးဒေါက်တာဒေါ်ခင်သန်းဦးက ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က မေ ၃၁ ရက်နေ့ကို ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ (World No-Tobacco Day) အဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၈၉ ခုနှစ်က စတင်ကျင်းပခဲ့ကြောင်း၊ နှစ်စဉ်ဆောင်ပုဒ်များ ရွေးချယ်သတ်မှတ်၍ ကျင်းပခဲ့ရာ ယခု ၂၀၀၄ ခုနှစ် မေ ၃၁ ရက် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ဆောင်ပုဒ်မှာ"ဆေးလိပ်ဆေးရွက်ရှောင်ကြဉ်မှု လူမှုဘဝချမ်းသာရ"(Tobacco Control and Poverty) ဖြစ်ကြောင်း။

ငွေကုန်ကြေးကျများ

ဤဆောင်ပုဒ်သည် ဆေးလိပ်နှင့် ဆေးရွက်ကြီး သောက်သုံးမှုကြောင့် ကုန်ကျရသော စရိတ်စကများ၍ ကျန်းမာရေးကို ထိခိုက်စေကြောင်း၊ ဝင်ငွေနည်းပါးသော အိမ်ထောင်စုတွင် ဆေးလိပ်ဝယ်ယူသောက်သုံးရသဖြင့် ဆင်းရဲချို့တဲ့ရမှုအကြောင်းခံတစ်ရပ်ဖြစ်စေနိုင်ကြောင်း မီးမောင်းထိုးပြလိုက်ခြင်းဖြစ်ကြောင်း၊ ဆေးလိပ်၊ ဆေးရွက် သောက်သုံးခြင်းသည် ကျန်းမာရေးကို ထိခိုက်စေရုံသာမက ငွေကုန်ကြေးကျလည်းများကြောင်း။

ဆေးလိပ် စသောက်ဖြစ်သောအကြောင်း အမျိုးမျိုးရှိကြောင်း၊ အချို့လူငယ်များသည် ဆေးလိပ်သောက်ခြင်းကို ဟန်ကောင်းသည် ယူဆ ကြောင်း၊ ရုပ်ရှင်ကားထဲတွင် ဆေးလိပ်သောက်နေသောသရုပ်ဆောင်မှုကို အားကျ အတုခိုးမှုများလည်း ရှိကြောင်း၊ လူကြီးများ ဆေးလိပ်မီးညှိခိုင်းရာကလည်း စွဲလာတတ်ကြောင်း၊ အပေါင်းအသင်းများ ဆွဲဆောင်မှုကြောင့် ဆေးလိပ်စတင်သောက်လာတတ်ကြောင်း၊ လူငယ်ပီပီ စူးစမ်းလိုစိတ်ရှိ၍ စမ်းသပ် ဆေးလိပ်သောက်လာတတ်ကြောင်း။

ဆေးလိပ်သောက်ခြင်းကြောင့် မလိုလားအပ်သော အပြစ်များရရှိနိုင်ကြောင်း၊ ငွေကုန်ကြေးကျများခြင်း၊ ဆေးလိပ်ငွေ့ကြောင့် ပတ်ဝန်းကျင်အခြားမှုများကို အနှောင့်အယှက်ဖြစ်ခြင်း၊ အဝတ်အစားများ မီးပေါက်ခြင်း၊ ခံတွင်းအနံ့ဆိုးခြင်း၊ ကျန်းမာရေးကို ထိခိုက်စေပြီး အသက်တိုခြင်း၊ ဆေးလိပ်မီးကြောင့် နေအိမ်၊ ရပ်ရွာမီးလောင်စေနိုင်ခြင်း စသည်တို့ ဖြစ်နိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆေးရွက်ကြီး စားသုံးခြင်း

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာန ပဏာမ ကျန်းမာရေး စောင့်ရှောက်မှု ဒုတိယညွှန်ကြားရေးမှူး ဆေးလိပ်ကင်းဝေးရေး စီမံချက် မန်နေဂျာ ဒေါက်တာ ဒေါ်ညိုညိုကြိုင်အား ဆက်လက်တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည်။ ဒုတိယ ညွှန်ကြားရေးမှူး ဆေးလိပ်ကင်းစင်ရေး စီမံချက် မန်နေဂျာ ဒေါက်တာ ဒေါ်ညိုညိုကြိုင်က ဆေးရွက်ကြီးနှင့် ပြုလုပ်ထားသည့် Tobacco Product အငွေ့ထွက်၊ အငွေ့မထွက် နှစ်မျိုးနှစ်စားရှိကြောင်း၊ ဆေးလိပ်သောက်ခြင်းသည် အငွေ့ကို သောက်ရှူခြင်းဖြစ်ကြောင်း၊ ကွမ်းစား၊ ဆေးရွက်ကြီးငုံခြင်းသည်အငွေ့မဟုတ်သော ဆေးရွက်ကြီးကို စားသုံးခြင်းပင်ဖြစ်ကြောင်း။

ဆေးရွက်ကြီးတွင် ဓာတ်ပစ္စည်းပေါင်း ၄၇၀၀ ပါဝင်ကြောင်း၊ ဆေးရွက်ကြီး သဘာဝအတိုင်းပင် ဓာတ်ပစ္စည်း ၂၀၀၀ ပါဝင်ပြီး မီးရှို့လျှင် ဓာတ်ပစ္စည်းပေါင်း ၂၇၀၀ ထပ်မံထွက်ရှိလာကြောင်း၊ ဆေးရွက်ကြီးက ထွက်ရှိသည့် ဓာတ်ပစ္စည်းအချို့သည် လူကို အန္တရာယ်ပေးကြောင်း၊ ဆေးရွက်ကြီးတွင် ပါဝင်သော နီကိုတင်း၊

"ဆေးရွက်ကြီး သဘာဝအတိုင်း ဓာတ် ပစ္စည်း ၂၀၀၀ ပါဝင်ပြီး မီးရှို့လျှင် ဓာတ် ပစ္စည်း ၂၇၀၀ ထပ်မံထွက်ရှိလာသဖြင့် စုစုပေါင်း ဓာတ် ပစ္စည်း ၄၇၀၀ ပါဝင်ပါတယ်။"
ဒေါက်တာ ဒေါ်ညိုညိုကြိုင် (ဒုတိယ ညွှန်ကြားရေးမှူး)

ကတ္တရာစသည်တို့သည် လူကို ဒုက္ခပေးကြောင်း၊ နီကိုတင်းသည် ဆေးလိပ်သောက်မှုကို စွဲလမ်းစေကြောင်း၊ ဆေးလိပ်သောက်ခြင်းကြောင့် သွေးကြောကျဉ်းခြင်း၊ သွေးကြောနံရံ ပျက်၍ သွေးခဲစေခြင်း၊ သွေးလည်ပတ်စီးဆင်းမှု နှောင့်နှေးစေခြင်း၊ နှလုံးသွေးတိုး၊ လေဖြတ်၊ လက်ပုပ်၊ ခြေပုပ်ရောဂါများ ဖြစ်စေတတ်ကြောင်း။

ကင်ဆာဖြစ်နိုင်

ကင်ဆာဖြစ်စေတတ်သည့် သဘာဝသတ္တိရှိသော ကာစီနိုဂျင် (Carcinogen) သတ်မှတ်နိုင်သော ဓာတ်ပစ္စည်း ၆၀ ပါဝင်ကြောင်း၊ ကင်ဆာမှန်သမျှ ဖြစ်စေနိုင်ကြောင်း၊ အများဆုံး အဆုတ်ကင်ဆာ၊ ခံတွင်းကင်ဆာ၊ လျှာကင်ဆာ၊ ပါးစောင်ကင်ဆာ၊ လည်မျိုကင်ဆာ၊ အစာအိမ် ကင်ဆာ၊ ဆီးအိမ်ကင်ဆာ၊ သားအိမ်ကင်ဆာများဖြစ်စေတတ်ကြောင်း၊ ကင်ဆာမဟုတ်သည့် အဆုတ်ပွ၊ အဆုတ်ရောင်ရောဂါများ၊ နှလုံးရောဂါများလည်း ဖြစ်စေတတ်ကြောင်း။

"ကောင်းကျိုးမပေးသော ဆေးလိပ် ဆေးရွက် အန္တရာယ် သိရှိနားလည်ပြီး ဆေးလိပ်ကို အစပြုမသောက်မိရန် အရေးကြီးပါတယ်။"
ဦးအောင်ကျော်ကျော် (ကျန်းမာပညာ လက်ထောက် ညွှန်ကြားရေးမှူး)

ကိုယ်ဝန်ဆောင် အမျိုးသမီးများ ဆေးလိပ်သောက်ပါက သားပျက်သားလျှောခြင်း၊ လမစေ့ဘဲ ကလေးမွေးဖွားခြင်း၊ ကလေးအသေမွေးဖွားခြင်းများ ဖြစ်တတ်ကြောင်း၊ ဆေးလိပ်ကို ဖွာရှူရှိုက်သူသည် ဆေးလိပ်အငွေ့ ၁၅ ရာခိုင်နှုန်း ကိုယ်ခန္ဓာထဲ ရောက်ရှိသွားပြီး ဆေးလိပ်ငွေ့ ၈၅ ရာခိုင်နှုန်းသည် ပတ်ဝန်းကျင်ကို ထိခိုက်အန္တရာယ်ဖြစ်စေကြောင်း၊ ကိုယ်တိုင်ဆေးလိပ်မသောက်သော်လည်း ဆေးလိပ်သောက်သူ၏ ပတ်ဝန်းကျင်တွင်ရှိနေပါက ဆေးလိပ်သောက်သူကဲ့သို့ ရောဂါများရစေနိုင်ကြောင်း။

ဆေးလိပ်မသောက်ရနယ်မြေ

ဆေးလိပ်ကြောင့် ကျန်းမာရေးထိခိုက်ရာဆေးလိပ်သောက်မှုကျဆင်းရေးကို ဦးတည်၍ အမျိုးသား ကျန်းမာရေးကော်မတီသည် သတင်းစာ၊ ဂျာနယ်များတွင် ဆေးလိပ် စီးကရက် ကြော်ငြာများကို ၁၉၉၇ ခုနှစ်က စတင်ပိတ်ပင်ခဲ့ပြီး၊ ၂၀၀၂ခုနှစ်တွင် ကြော်ငြာဆိုင်းဘုတ်ကြီးများကို ဖယ်ရှားခဲ့ကြောင်း၊ ဆေးလိပ်ကင်းစင်နယ်မြေ၊ စာသင်ကျောင်းများ (Tobacco Free School)ကအစ၊ ကျန်းမာရေးဌာနများ၊ ရုံးများ၊ ကားဂိတ်၊ လေဆိပ်များကို ဆေးလိပ်ကင်းမဲ့ဇုန်အဖြစ် တိုးချဲ့လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်သူများနှင့် သက်ဆိုင်သော နယ်မြေများလည်း ဆေးလိပ်မသောက်ရနယ်မြေအဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လူထုဆက်သွယ်ရေး(Mass Media)များ အကူအညီ ပူးပေါင်းဆောင်ရွက်မှုများကို ရယူကာဆေးလိပ်ကင်းကွာအောင် ကြိုးပမ်းစည်းရုံး ပညာပေးဆောင်ရွက်ကြောင်း၊ သတင်းစာ၊ ရုပ်မြင်သံကြားများမှ ထုတ်လွှင့်ပေးသကဲ့သို့ ပညာပေးစာစောင်၊ စာအုပ်စာတမ်းများ ဖြန့်ဝေခြင်း၊ ဟောပြောပွဲကျင်းပပေးခြင်းကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့်လည်း ၂၀၀၄ ခုနှစ် အရှေ့တောင်အာရှဒေသနိုင်ငံများ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်ဆု (World No-Tobacco Day Award) ကို မြန်မာနိုင်ငံအား ချီးမြှင့်ခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

ဆေးလိပ်ကိုကြောက်

ကျန်းမာရေးစီမံကိန်း ဦးစီးဌာန ကျန်းမာပညာလက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ကျော်ကို ထပ်မံတွေ့ဆုံမေးမြန်းခွင့်ရသည်။ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ကျော်က မျိုးဆက်သစ်လူငယ်များ ဆေးလိပ်ကင်းဝေးကြီးပြင်းရေးသည် အလွန်အရေးကြီးကြောင်း၊ အရေးလည်းပါလှကြောင်း၊ ငယ်စဉ်ကျောင်းတွင် ပညာသင်စဉ်က ပြည်သူ့နီတိ ကျန်းမာခြင်း စာအုပ်တွင် 'ဆေးလိပ်ဘုရင်နီကိုတင်း'၊ 'လူသတ်ဆေးမျိုးစိန်ထက်ဆိုး' သည်ဟု အသိပညာပေးစာသားများ မှတ်သားခဲ့ရကြောင်း၊ ထိုစဉ်ကတည်းက ဆေးလိပ်ကိုကြောက်လန့်ခဲ့ကြောင်း။

ဆေးလိပ်ကင်းဝေးကြီးပြင်းရေး

ကလေးဂျာနယ်တွင် ဆေးလိပ်ကို 'အဆိပ်'လိပ်ဆိုပြီး အသိပညာပေးရေးသားခဲ့ကြောင်း၊ မျိုးဆက်သစ်လူငယ်များ စာပေမှရသော အသိများဖြင့် ဆေးလိပ်သည် ကျန်းမာရေး၏ရန်သူအဖြစ် တစ်သက်လုံးသိမြင် သတ်မှတ်သွားစေရန် ပညာပေးမှုများပင်ဖြစ်ကြောင်း၊ မူလတန်းသင်ရိုးညွှန်းတမ်းများတွင် ဆေးလိပ်၏ဆိုးကျိုးကို ကလေးများသိရှိနိုင်အောင် ဆောင်ရွက်ထားကြောင်း၊ အရေးကြီးဆုံးကတော့ ဆေးလိပ်ကို စမ်းသပ်မသောက်မိရန်ဖြစ်ကြောင်း၊ စူးစမ်းလေ့လာချင်သည့် ဆယ်ကျော်သက် လူငယ်များ ဆေးလိပ်ကင်းဝေး ကြီးပြင်းရေးကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒုက္ခကို ငွေနှင့်ဝယ်ယူသည့် ဆေးလိပ်သောက်ခြင်းကို လူငယ်များ နားလည်သဘောပေါက်ရန်လိုကြောင်း၊ဆေးလိပ်အစ၊ မူးယစ်အလယ်၊ AIDS အဆုံး လူ့ဘဝ အညွှန့်တုံးစေသည်များကိုလည်း သဘောပေါက်နားလည်ရန်လိုကြောင်း၊ စုပေါင်းဆွေးနွေးကျန်းမာရေးဆိုသည့်အတိုင်း ပေါင်းစည်း လုပ်ကိုင်သွားကြရမည်ဖြစ်ကြောင်း၊ ဥပမာတစ်ခုပြောရမည်ဆိုလျှင် လွန်ခဲ့သည့် သုံးလေးနှစ်ခန့်က I.L.B.C ကျောင်းတွင် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဟောပြောပွဲကျင်းပပြီး ချက်ချင်းပင် ဆေးလိပ်မသောက်ရ နယ်မြေအဖြစ် သတ်မှတ်လိုက်သည်ကို တွေ့ရှိရကြောင်း၊ ကျန်းမာသန့်ရှင်း ရောဂါကင်းသည့် ဘဝတည်ဆောက်နိုင်ရေးသည် ငယ်စဉ်လူငယ်ဘဝက အသိမှန်ဆုံးဖြတ်ချက် မှန်ကာ'ဆေးလိပ်ကင်းကွာ လူငယ်ကမ္ဘာ' ဆေးလိပ်ကင်းဝေးကြီးပြင်းရေးအလွန်အရေးကြီးကြောင်း စသည်ဖြင့် မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားသည်။

ကောင်းကျိုးမပေးသော ဆေးလိပ်နှင့် ဆေးရွက်ကြီး၏ အန္တရာယ်ကို မှန်မှန်ကန်ကန် သိမြင်နားလည်သဘောပေါက်ပြီး ဆေးလိပ်နှင့် ကျန်းမာရေး သင်ကြိုက်ရာရွေးနိုင်ရေး မျိုးဆက်သစ် လူငယ်များကို စုပေါင်းဆွေးနွေး ဝိုင်းဝန်းပညာပေး ကြိုးပမ်းအားထုတ်သွားကြရမည် ဖြစ်ပေသည်။ ။ **(မြန်မာ့အလင်း)**

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

(၃၁-၅-၂၀၀၄)

World No-Tobacco Day

(31-5-2004)

ဆေးလိပ်ဆေးရွက်ရှောင်ကြဉ်မှု၊ လူမှုဘဝချမ်းသာရ

Tobacco Control and Poverty

ကျန်းမာရေးဝန်ကြီးဌာန

ဇေယျဝတီဆရာတော် သစ္စာတရားဟောကြားမည်

ရန်ကုန် မေ ၂၈

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ ဇေယျဝတီမြို့ဓမ္မာရုံကျောင်း ပဓာန နာယကဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ၊ B.A)သည် ရန်ကုန်မြို့ အမှတ်(၈၂) နတ်မောက်လမ်းရှိ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်ကြီး၏ တစ်လနှစ်ကြိမ်ကျင်းပသော ၁၀ ရက် တရားစခန်းပွဲကြီး၏ ဇွန်လ ပထမပတ် ဇွန် ၅ ရက်မှ ၁၄ ရက် (နယုန်လပြည့်ကျော် ၃ ရက်မှ ၁၂ ရက်)အထိ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် ဇုန်(၃) တွင်းသင်းတိုက်ဝန် ဦးထွန်းညိုလမ်း အမှတ် ၁၂၆ နေ ဒေါက်တာဖေခင်က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အဆင့်မြင့်တန်းကွင်းပိတ် ဘောလုံးပြိုင်ပွဲဆက် ပို့ဆောင်ရေးက သတ္တုတွင်းကို ဂိုးပြတ်အနိုင်ရရှိ

ရန်ကုန် မေ ၂၈

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃ -၂၀၀၄ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းပိတ် (ရှုံးထွက်) ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီ ခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေး စခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ ပို့ဆောင်ရေး အသင်းက သတ္တုတွင်းအသင်းကို လေးဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဂိုးပြတ်အနိုင်ရရှိ

အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲတွင် အဆင့် (၆) ရရှိခဲ့သော ပို့ဆောင်ရေးအသင်းက ပထမတန်းသို့ ဆင်းသွားရပြီဖြစ်သော သတ္တုတွင်းအသင်းကို ဂိုးပြတ်၊ခြေပြတ် အနိုင်ရရှိသွားခြင်းဖြစ်သည်။ ပို့ဆောင်ရေးအသင်းအတွက် အနိုင်ဂိုးများကို ၁၆မိနစ်တွင် ထက်အောင်က ပထမဂိုး၊ မိနစ် ၂၀ တွင် မြတ်မင်းဦးက ဒုတိယဂိုး၊ ၄၉မိနစ်တွင် မောင်မောင်မြင့်က တတိယဂိုးနှင့် မိနစ် ၅၀ တွင် ကိုကိုနိုင်က စတုတ္ထဂိုးသွင်းယူပေးသည်။

ယှဉ်ပြိုင်ကစားရမည်

ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို ပို့ဆောင်ရေးအသင်းမှ မြတ်မင်းဦးက ရရှိသည်။ ပို့ဆောင်ရေးအသင်းသည် ကွာတားဖိုင်နယ်တက်ရောက်သွားပြီဖြစ်ရာ ဇွန် ၄ ရက်တွင် လယ်ယာ/ ဆည်မြောင်း အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယနေ့ပွဲ

မေ ၂၉ရက် (ယနေ့) ညနေ ၃ နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ လျှပ်စစ်စွမ်းအားအသင်းနှင့် စွမ်းအင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ပြည်တွင်း၊ ပြည်ပသာသနာပြု ကျေးဇူးတော်ရှင် အလိုတော်ပြည့်ဆရာတော်ကြီး သက်တော်(၆၁)နှစ်ပြည့် မွေးနေ့ အလှူတော်မင်္ဂလာ

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေလေးရပ်ကွက် ပင်ရွှေညောင်လမ်း အောင်မြေဗောဓိ ဓမ္မရိပ်သာ အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ် အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစက ပဏ္ဍိတ ပရိယတ္တိသာသနဟိတဓရ ပုဂံ/ညောင်ဦး နယ်စပ်ဒေသ ပြည်တွင်း၊ ပြည်ပ သာသနာပြု ကျေးဇူးတော်ရှင်အလိုတော်ပြည့် ဆရာတော်ကြီး ဘဒ္ဒန္တအရိယဝံသ၏ သက်တော် (၆၁)၊ ဝါတော်(၄၁) ဂုဏ်တော် အနန္တ မျှော်မှန်းဆလျက် ပူဇော်ကန်တော့ဆင်နွှဲပွဲအခမ်းအနားကို (၁၃၆၆ ခု နယုန်လပြည့်နေ့) ဇွန် ၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီမှ ၁၂ နာရီထိ မွေးနေ့အလှူ လှူဒါန်းမှု အစုစုတို့အား ရေစက်သွန်းချအမျှပေးဝေ ပူဇော်ကန်တော့မည်ဖြစ်ပါ၍ ရပ်ဝေး ရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမ တို့အား အသိပေးဖိတ်ကြားအပ်ပါသည်။

ဂေါပကအဖွဲ့
အလိုတော်ပြည့်ကျောင်းတိုက်၊ ရန်ကုန်မြို့။

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

မြိတ်မြို့နေ ဦးတိတ်ဟွပ်-(ဒေါ်လှမြင့်) တို့၏သား၊
ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၈ လမ်း၊ အမှတ် ၁၉ နေ
ဦးစိန်အေး-ဒေါ်ခင်ကြူ (သစ်ဆန်း အိမ်အလှဆင်ပစ္စည်းရောင်းဝယ်ရေး) တို့၏ တူသား

မောင်ညီညီစိန်

Final Year(Eco), DA(LCCI)
ATT(UK), ACCA Part II
Tax Assist Direct-UK(Accounts Assistant)

နှင့်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ သုမနလမ်း၊ အမှတ် ၄၄၇ နေ
ဒေါ်ထွေး (ဒေါ်ထွေးငရုတ်သီးမှုန့်အမျိုးမျိုးထုတ်လုပ်ဖြန့်ချိရေး) ၏မြေး
ဦးသိန်းဝင်း-ဒေါ်လှလှမြင့် တို့၏သမီး

မနွယ်နွယ်ဝင်း

B.Sc(Physics), DMA(LCCI)
CAT(UK), ACCA Part II

တို့၏ ၂၅-၅-၂၀၀၄ ရက်(အင်္ဂါနေ့)တွင် တရားရုံးချုပ်၌ ထိမ်းမြားမင်္ဂလာ မော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ်တရားသူကြီး ဦးထွန်းရှင်အားလည်းကောင်း၊ ၂၈-၅-၂၀၀၄ ရက် (သောကြာနေ့)တွင် Sedona Hotel ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော မြင်းကျားနှင့် ရွှေဒေါင်းပုံဆေးလိပ်ရုံပိုင်ရှင် ဦးမြင့်စိန်နှင့်ဇနီး သီဟသုဓမ္မသိင်္ဂီ သီရိသုဓမ္မသိင်္ဂီ ဒေါ်လှကြည်အားလည်းကောင်း၊ မင်္ဂလာစိန်လက်စွပ်ဆင်မြန်းပေးပါသော Fame Hotel & Trade Co., Ltd. နှင့် ငွေစင်ဦး (B.C.D) ပိုင်ရှင် ဦးခင်မောင်ကျော်နှင့် ဇနီး ဒေါ်နီ(ခ) ဒေါ်ကြူကြူလွင်အားလည်းကောင်း၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ သတို့သားအရန်များဖြစ်ကြသော သရုပ်ဆောင် မင်းသုခ၊ မောင်ဇော်နိုင်ဝင်းနှင့် သတို့သမီးအရန်များဖြစ်ကြသော ညီမလေးဝိုင်းနှင့် အိမွန်တို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မအေးမြင့်သန်း (Dr.Reddy's Lab Ltd.) နှင့် မင်္ဂလာပန်းကုံး ကိုင်ဆောင်ပေးသော မဆွေဇင်သက်နှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော သမီးလေးဆုလဲ့ဝေ (ပုံ့ပုံ့)တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံ ဆင်မြန်းပေးသော ဒေါ်လာမြင့်အောင်၊ မိတ်ကပ်ဆံပင်အောင်အောင်နှင့် အဖွဲ့တို့အားလည်းကောင်း၊ မင်္ဂလာအခါပေးနှင့် မင်္ဂလာရတုသီဆိုပေးသော မစိမ်းမို့မို့၊ တေးသံသာများဖြင့် သီဆိုဖျော်ဖြေပေးသော The Aces တေးဂီတအဖွဲ့သားများအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲ မှတ်တမ်းတင် ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော ဦးစိုင်းဘုန်းထူးနှင့်အဖွဲ့အားလည်းကောင်း၊ Sedona Hotel မှ မအေးမြမြဖြူနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်အောင်မြင်ရန် ကူညီဆောင်ရွက်ပေးကြသော သူငယ်ချင်းများနှင့် နှစ်ဖက်သောမိဘဆွေမျိုး မိတ်သင်္ဂဟများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
မောင်ညီညီစိန်-မနွယ်နွယ်ဝင်း။

ပုပ္ပား (၂) မိုးကုတ် ဝိပဿနာ တရားစခန်းဖွင့်မည်

ရန်ကုန် မေ ၂၈

မြောက်ဥက္ကလာပမြို့နယ် (ည) ရပ်ကွက် ပုပ္ပား(၂) မိုးကုတ် ဝိပဿနာ ဓမ္မရိပ်သာကျောင်းတွင် လစဉ် တရားစခန်းပွဲ ဖွင့်လှစ်လျက်ရှိရာ ယခု (၁၁၄) ကြိမ်မြောက် တရားစခန်းပွဲတွင်လည်း ပုပ္ပား(၂) မိုးကုတ် ဝိပဿနာ ဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ၊ LL.B)၊ ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား(၃) မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တဇာဂရ (ဓမ္မာစရိယ၊ မဟာ ဓမ္မာစရိယ) တို့က ကျေးဇူးရှင် မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ဟောကြား ပြသမည်ဖြစ်ရာ ယောဂီများ နယုန်လပြည့်ကျော် ၃ ရက် (ဇွန် ၅ရက်) စနေနေ့ ညနေအရောက် လာရောက်ကြရန်နှင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၆၉၀၀၅၉ သို့ ဖြစ်စေ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

မွေးနေ့မင်္ဂလာဆုတောင်း

ချစ်တဲ့မီးလေး **(ခိုင်စန္ဒာလွင် Royal Diamond စိန်ဆိုင်၊စူပါဝေါလ်၊ဗိုလ်ချုပ်ဈေး)** ရဲ့
၂၉-၅-၂၀၀၄ ရက်တွင်ကျရောက်တဲ့ (၃၂)နှစ်မြောက်မွေးနေ့နှင့်
၂-၆-၂၀၀၄ ရက်တွင် ကျရောက်မည့် ကိုတို့ရဲ့ (၁၆)နှစ်မြောက်
မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်
ပျော်ရွှင်ခြင်း၊ အောင်မြင်ခြင်းများစွာကို
မိသားစုအတူ ရယူပိုင်ဆိုင်နိုင်ပါစေ။

ချစ်ခင်ပွန်း – ကိုကိုဦးမြတ်ကျော်
ချစ်သမီးကြီး – အိမြတ်စန္ဒီ (IX-E၊ TTC)
ချစ်သမီးလေး – မေမြတ်စန္ဒီ (II-B၊ TTC)
ချစ်သားလေး – မင်းသီဟကျော်

သမီးကြီးခံ

အမြဲတမ်းပျော်ရွှင်ခြင်း၊ အောင်မြင်ခြင်းများစွာကို မိသားစုနှင့်အတူ ပြည့်စုံနိုင်ပါစေ။

ချစ်အဖေ – ဦးမောင်မောင်လွင် (M.D–စူပါဝေါလ်၊ ဗိုလ်ချုပ်ဈေး၊ Hill Top Villa Hotel၊ ကလော)
ချစ်အမေ – ဒေါ်စန်းဖြူဖြူ
ချစ်ညီမ – ချိုသန္တာလွင် (Ph.D, Student University of N.Y)–အောင်မြတ်စိုး
ချစ်ဒေါ်လေး – ဒေါ်ရွှေဇင်ခ (Royal Diamond စိန်ဆိုင်မိသားစု)



ဆရာဒေဝ AGTI (Civil)
လက္ခဏာနှင့် နက္ခတ္တဗေဒင်ပညာရှင်
E-mail - sayadeva@myanmar.com.mm
28.1.2003

၃၀%မှ ၆၆.၆၆%အထိ ဈေးလျှော့ပေးနေပြီ
STAEDTLER MARK -
SAKURA T -

ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ နေသာချိန်ရှိပြီး မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

Great Dane

နိုင်ငံခြား မျိုးကောင်းမျိုးသန့်အစစ် အထီး၊ အမမှ ပေါက်သော (ခွေးကြီးမျိုး) သားပေါက်လေးများ ရောင်းရန်ရှိသည်။

ထူးအော်တိုဆားဗစ် ဖုန်း-(၀၁)၅၀၀၉၈၇

ရန်ကုန်စက်မှုတက္ကသိုလ် ဆဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ (၁၉၆၆-၁၉၇၂ပညာသင်နှစ်) (Mechanical ကျောင်းသား ကျောင်းသူဟောင်းများ)

တစ်အူထုံ့ တကယ်မဆင်းကြပေမယ့်၊ အတူဆုံသူငယ်ချင်းဘဝနဲ့ ရန်ကုန်စက်မှုတက္ကသိုလ်ကို ၁၉၆၆ ခုနှစ်မှာ Mechanical နဲ့ စတင်ရောက်ရှိကြတဲ့ သူငယ်ချင်းတွေ၊ ၁၉၇၂ ခုနှစ်မှာ အတူတူဘွဲ့ရခဲ့ကြတဲ့ သူငယ်ချင်းတွေ၊ ၁၉၆၆-၁၉၇၂ ခုနှစ်အတွင်းမှာ ခဏလေးဖြစ်ဖြစ် အတူတူတက်ရောက်ခဲ့တဲ့ သူငယ်ချင်းတွေ၊ ကိုယ်တို့ကိုသင်ကြားပေးခဲ့တဲ့ ကျေးဇူးရှင်ဆရာကြီး၊ ဆရာမကြီးများကို ကျေးဇူးဆပ်ကန်တော့ရင်း ဆရာကြီး ဆရာမကြီးများနဲ့ တစ်ခါက တပည့်တွေ ကံမကုန်လို့ ပြန်အဆုံ ပျော်စရာချည့်ဖြစ်ရအောင် အောက်ပါအစီအစဉ်အတိုင်း ဆက်ဆက်လာရောက်ကြဖို့ ဖိတ်ကြားပါတယ်။

ကျင်းပမည့်နေ့ရက်–၆-၆-၂၀၀၄ရက်(တနင်္ဂနွေနေ့)။ **ကျင်းပမည့်အချိန်**–ညနေ ၆ နာရီ။ **ကျင်းပမည့်နေရာ**–Panda Hotel–မင်းရဲကျော်စွာလမ်းနှင့် ဝါးတန်းလမ်းထောင့်၊ ရန်ကုန်။

ဆက်သွယ်ရန်–

(၁)	ဝင်းထိန်ဦး	– ၀၉-၅၀၀-၂၈၃၂	(၆)	မောင်မောင်ဦး	– ၀၉-၅၀၀-၉၆၁၃
(၂)	မျိုးမြင့်	– ၆၆၀၆၁၃	(၇)	အောင်မင်း	– ၇၂၆၅၇၃
(၃)	ဝင်းမြင့်	– ၆၈၂၅၅၀	(၈)	စိုးမြင့်(မြိတ်)	– ၅၂၆၄၄၃
(၄)	သန်းစိုး(ခ)ကြံစိန်	– ၂၂၈၇၈၅	(၉)	အေးသင်	– ၀၉-၅၀၀-၉၂၈၅
(၅)	လှမြင့်	– ၅၄၀၂၉၅	(၁၀)	စိုင်းယီခမ်း	– ၀၉-၂၀၀၀-၄၄၆

ပြန်ကြားရေးဝန်ကြီးဌာန တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့တွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ပစ္စည်းများကို ဝယ်ယူလိုပါသည်-

(က) မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

(၁)	TV Transmitter Power Tube	(1) Lot
(၂)	TV Lighting Lamp	(1) Lot
(၃)	Spares for DV Cam Camera & VCR	(1) Lot
(၄)	Replacement of Switch Gear Unit	(1) Lot
(၅)	Tower Foundation Materials for 10 KW TV TX	(1) Lot
(၆)	Computer System for Receive only System	(2) Lots
(၇)	250 W TV TX	(1) Set

(ခ) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

(၁)	Hilithodol Developer	(160) pkgs
(၂)	Agfa Developer	(60) bots

(ဂ) မြန်မာ့ရုပ်ရှင်လုပ်ငန်း

(၁)	ဖလင်ရိုင်း (35 mm Fuji Colour Negative Film-400')	(200) Rolls
(၂)	ဖလင်ဆေးစိမ်လုပ်ငန်းသုံးဓာတ်ဆေး	(19) kds

၂။ တင်ဒါပေးသွင်းမှုကို ၁၁-၆-၂၀၀၄ ရက် ၁၆း၃၀ နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း၊ ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့၊
ဖုန်း-၂၄၅၆၂၄၊ ၂၄၅၆၃၁၊ ၂၄၅၆၄၅။

ကုန်တံဆိပ်နှင့် ထုတ်လုပ်မှုအမှတ်များကို သတိပြုကြရန်
ရန်ကုန်မြို့ GENERAL PAINTS & CHEMICAL CO.,LTD
BOSNY-AEROSOL SPRAY PAINT

REG:No. 2390/96

မြန်မာအမျိုးသမီးများ၏ ပထမဆုံး နိုင်ငံတကာမြင်းစီးပြိုင်ပွဲဖြစ် မြင်းကောင်းရရှိမှုအပေါ် မူတည်၍ ဆုတံဆိပ် ရရှိနိုင်မည်

သတင်းဆောင်းပါး–ကိုထွေး
ဓာတ်ပုံ–သိန်းဝင်းလေး

ရန်ကုန် မေ ၂၈

မလေးရှားမြင်းစီး အားကစားအဖွဲ့ချုပ်၊ မလေးရှားမြင်းစီးကောင်စီနှင့် ပီနန်မြင်းစီးကလပ်တို့ ပူးပေါင်းကျင်းပမည့် မလေးရှားအမျိုးသား မြင်းစီးအားကစားပွဲတော် (Malaysian National Horse Show 2004)ကို မလေးရှားနိုင်ငံ ပီနန်မြို့၌ ဇွန် ၃ရက်မှ ၆ရက်ထိ ကျင်းပမည်ဖြစ်ရာ မြင်းစီးအားကစားအဖွဲ့ သွားရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာမြင်းစီးအားကစားအဖွဲ့တွင် အုပ်ချုပ်သူနှင့် နည်းပြချုပ်အဖြစ် မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးငြိမ်းကျော်၊ လက်ထောက်နည်းပြများအဖြစ် ဦးသိန်းဝင်းနှင့် ဦးသန်းလှိုင်တို့က လိုက်ပါဆောင်ရွက်ကြမည်ဖြစ်သည်။

မလေးရှားနိုင်ငံ ပီနန်မြို့တွင်ကျင်းပမည့် အမျိုးသားမြင်းစီးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် ဦးကျော်ငြိမ်း ခေါင်းဆောင်သော မြင်းစီးမောင်မယ်များအား အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏတွင် တွေ့ရစဉ်။
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

အားကစားသမားများအဖြစ် မခင်နှင်းပွင့်ဖြိုး (တတိယနှစ်၊ နည်းပညာတက္ကသိုလ်၊ သန်လျင်)၊ မအိသက်မွန် (ဒသမတန်း၊ Crane)၊ မအေးသက်တာ (ဒသမတန်း၊ အထက–၂၊ ကမာ ရွတ်)၊ မကြည်သာလင်း (အဋ္ဌမတန်း၊ YIEC)၊ မစုစုပုလဲ(အဋ္ဌမတန်း၊ အလက–၂၊ ကြည့်မြင်တိုင်)၊ မောင်အောင်သူထွန်း(သတ္တမတန်း၊ အထက၊ ဒဂုံမြောက်)နှင့် မယမုံဦး(အဋ္ဌမတန်း၊ အထက–၂၊လသာ) တို့ ပါဝင်ကြမည် ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် မလေးရှား၊ မြန်မာ၊ ထိုင်းနှင့် စင်ကာပူတို့မှ မြင်းစီး အားကစားသမားများနှင့် အတူ မလေးရှားမှ မြင်းစီးကလပ် ၂၉ခုတို့ ပါဝင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပြိုင်ပွဲအမျိုးအစားပေါင်း ၃၁မျိုး ခွဲခြားထားရာ မြင်းလှည်းပြိုင်ပွဲလည်း ပါဝင်မည်ဖြစ်သည်။ မြန်မာမြင်းစီးအားကစားအဖွဲ့သည် တန်းခုန်(Show Jumping)နှင့် အလှစီး(Dressage) တို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာမြင်းစီးအားကစားအဖွဲ့သည် လူငယ်အားကစားသမားများသာ ပါဝင်သဖြင့် အလတ်တန်းပြိုင်ပွဲ (Young Rider) အဆင့်အထိသာ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ တန်းခုန်နှင့် အလှစီးပြိုင်ပွဲတွင် မကြည်သာလင်း၊ မစုစုပုလဲ၊ မောင်အောင်သူထွန်း နှင့် မအိသက်မွန်တို့ကလည်းကောင်း၊ အလှစီးပြိုင်ပွဲ၌ မခင်နှင်းပွင့်ဖြိုး၊ မအေးသက်တာနှင့် မယမုံဦးတို့ကလည်းကောင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

မလေးရှားအမျိုးသား မြင်းစီးအားကစားပွဲတော်သို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာမြင်းစီးအားကစားအဖွဲ့၏ ကြိုတင်ပြင်ဆင်မှုနှင့် ပြိုင်ပွဲဝင်ရမည့် အနေအထားကို သိရှိနိုင်ရန် အုပ်ချုပ်သူနှင့် နည်းပြချုပ်အဖြစ်လိုက်ပါဆောင်ရွက်မည့် မြန်မာနိုင်ငံမြင်းစီး အားကစားအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးငြိမ်းကျော်အား မြန်မာ့အလင်းက သွားရောက်တွေ့ဆုံ မေးမြန်းဖြစ်ခဲ့သည်။

ပထမဦးစွာ မလေးရှားအမျိုးသား မြင်းစီးအားကစားပွဲတော်၌ ပါဝင်ယှဉ်ပြိုင်ရန် ကြိုတင်ပြင်ဆင်မှုအနေ အထားကို မေးမြန်းရာ ဦးငြိမ်းကျော် က "ပီနန်မြင်းစီးကလပ်ထံမှ ဖိတ်ကြားစာကို ဧပြီ၁ရက်တွင် ရရှိခဲ့ပြီး မလေးရှားမြင်းစီးကောင်စီထံမှ ဖိတ်ကြားစာကို ဧပြီ၄ရက်တွင် ရရှိခဲ့ကြောင်း၊ ဖိတ်ကြားစာရရှိပြီးနောက် ရန်ကုန်မြင်းစီးအသင်းမှ အဖွဲ့ဝင်များထဲမှ သင့်လျော်သူများကို ရွေးချယ်ပြီး လေ့ကျင့်ပေးခဲ့ကြောင်း၊ မလေးရှား မြင်းစီးကောင်စီအနေဖြင့် ကလေးများကို ဦးစားပေးဖိတ်ကြားခဲ့သည့်အတွက် အလားအလာရှိသည့် ကလေးများကို ရွေးချယ်ခဲ့ကြောင်း၊ ယခင်က အဆိုပါကလေးများအနေဖြင့် ပုံမှန်သာ လေ့ကျင့်နေခဲ့ကြသော်လည်း ပြိုင်ပွဲဝင်ရမည်ဟု သိရှိရပြီးနောက် မိမိတို့ အပါအဝင် မြန်မာနည်းပြများက လေ့ကျင့်မှုကို ပြင်းပြင်းထန်ထန် ပြုလုပ်ပေးခဲ့ကြောင်း၊ ယခင်က ယခုလို ကြားပွဲမျိုး ဖိတ်ကြားခြင်းမရှိခဲ့ကြောင်း၊ ပထမဆုံးအကြိမ် ဖိတ်ကြားခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ဖိတ်ကြားသည့် အဓိကအချက်မှာ ကလေးများ ပျော်ပျော်ရွှင်ရွှင် ဆင်နွှဲနိုင်ရန်နှင့် နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံ ရရှိရေးပင် ဖြစ်ကြောင်း၊ ထူးခြားသည့်အချက်မှာ မြန်မာနိုင်ငံမှ အမျိုးသမီးမြင်းစီးအားကစားသမားအနေဖြင့် နိုင်ငံတကာပြိုင်ပွဲသို့ ပထမဆုံးအကြိမ် သွားရောက်ယှဉ်ပြိုင်ခြင်းပင်ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲ၌ယှဉ်ပြိုင်ရမည့် အနေအထားကို မေးမြန်းရာ ဦးငြိမ်းကျော်က "ယခုသွားရောက်မည့် အားကစားသမားလေးများအနေဖြင့် ယခင်က ပြိုင်ပွဲအတွေ့အကြုံမရှိခဲ့ကြောင်း၊ သို့သော် အမျိုးသား အားကစားသမားတစ်ဦးနှင့် အမျိုးသမီးအားကစားသမားသုံးဦးတို့မှာ အတော်လေးအားကောင်းသည့် အနေအထား၌ရှိကြောင်း၊ ပြိုင်ပွဲ၏ အဆင့်သတ်မှတ်ချက်အနေဖြင့် အသက်(၁၂)နှစ်မှ (၁၄)နှစ်အထိ Children Rider၊ အသက်၁၄နှစ်မှ ၁၆နှစ်အထိ Junier Rider၊ အသက်(၁၆)နှစ်မှ (၁၈)နှစ်အထိ Young Rider၊ အသက်(၂၁)နှစ်မှအထက်ကို Senior Riderဟု အသီးသီး သတ်မှတ်ထားကြောင်း၊ မိမိတို့အနေဖြင့် Young Riderအဆင့်အထိ ပါဝင်ယှဉ်ပြိုင်မှာဖြစ်ကြောင်း၊ အခြားပြိုင်ပွဲဝင် အသင်းတိုင်း ကိုယ်ပိုင်မြင်းများဖြင့် လာရောက် ယှဉ်ပြိုင်မှာဖြစ်ပြီး မြန်မာမြင်းစီးအားကစားအဖွဲ့အနေဖြင့် ပီနန်မြင်းစီးကလပ်(Penang Turf Club)မှ မြင်းများကို ငှားရမ်းယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ လောလောဆယ်တွင် မည်သည့်မြင်းမျိုးရမည်ကို မသိရှိရသေးကြောင်း၊ မြင်းကောင်းရမည်ဆိုလျှင် အနည်းဆုံးလေးဦးခန့်ဆုရရှိနိုင်ကြောင်း၊ မြင်းရရှိမှုအခြေအနေပေါ်တွင် အဓိကမူတည်ကြောင်း၊ မြင်းကောင်းသာရခဲ့လျှင် အောင်သူထွန်းနှင့် အိသက်မွန်တို့အနေဖြင့် လူကြီးတန်းကိုပင် ယှဉ်နိုင်စွမ်းရှိပါကြောင်း၊ ပြိုင်ပွဲတွင် မိမိတို့အချင်းချင်းလည်း ဆုံတွေ့ရမည်ဖြစ်၍ ဆုရနိုင်သည့် အချက်တစ်ခုပင်ဖြစ်ကြောင်း၊ ဆုကြေး ပေးမည့်အစီအစဉ်လည်း ပါဝင်သည်ဟု သိရှိရကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

မြန်မာမြင်းစီးအားကစားအဖွဲ့သည် မေ၂၉ရက် ညနေပိုင်းတွင် ဗန်ကောက်မြို့မှတစ်ဆင့် မလေးရှားနိုင်ငံ ပီနန် မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာကြမည်ဖြစ်သည်။ မြန်မာမြင်းစီး အားကစားအဖွဲ့တွင် အားကစားသမားခုနစ်ဦးပါဝင်သည့်အနက် ခြောက်ဦးမှာ အမျိုးသမီးငယ်လေးများဖြစ်ကြသည်။ ယခင်အခါများက မြန်မာအမျိုးသမီးမြင်းစီးအားကစားသမားများ ပြည်ပထွက်၍ နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ခြင်းမျိုးမရှိခဲ့ပေ။ သို့ဖြစ်ရာ ယခုမြန်မာမြင်းစီးအားကစားအဖွဲ့၏ မလေးရှား အမျိုးသားမြင်းစီးအားကစားပွဲတော်သို့ ဝင်ရောက် ယှဉ်ပြိုင်မှုသည် မြန်မာ့မြင်းစီးအားကစားသမိုင်း၌မှတ်တိုင်သစ် တစ်ခုပင် ဖြစ်ကြောင်း ရေးသားဖော်ပြ လိုက်ရပေသည်။ ။

(မြန်မာ့အလင်း)

တွံတေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးသန်း လင်းထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာ–၂(မြို့မ)ဒေါ်နီနီသွင်တို့ ကြီးကြပ်၍ ဝန်ထမ်းများက ဈေးသစ်ရပ်ကွက် ဗိုလ်ချုပ်လမ်း ရေနုတ်မြောင်းတူးဖော် ရှင်းလင်းဆောင်ရွက်ကြစဉ်။ (၃၈၀)

မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ထန်းတပင်တွင် ကျင်းပ

ရန်ကုန် မေ ၂၇

မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ရန်ကုန်တိုင်း ထန်းတပင်မြို့ အထက လှိုင်ရတနာခန်းမ၌ မေ၂၅ရက်က ကျင်းပရာ အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌနှင့်ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာကော်မတီ၊ မြို့နယ်အသင်းမှ အမှုဆောင်များ၊ မြို့နယ်တွင်းရှိ အထက၊ အလက၊ အမကများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့်ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၆၈၀ဦး တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ဇင်နှင့်လက်ထောက်မြို့နယ်ပညာရေးမှူး ဦးမြတ်ဝေ တိုးတို့က အမှာစကားများ ပြောကြားကြပြီး ကျောင်းနေအရွယ် ကလေးများ ကျောင်းအပ်နှံရေးအတွက် အလှူရှင်များက ငွေနှင့်စာရေးကိရိယာများ လှူဒါန်း ကြသည်။

(က–ပ)



နာနတ်တောလမ်း ၈ရပ်ကွက်၊ ကမာရွတ်မြို့နယ်ရှိ ဣန္ဒာရာမကျောင်းတိုက်မှ ဆရာတော်(ဦးဝိမလ)အား ရည်စူး၍ ဒါယကာ ဒါယိကာမများက ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ရပ်ကွက် သဃ်ၤန်းကျွန်းမြို့နယ် နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ(ရုပ်ရှင်သရုပ်ဆောင်)နှင့် ဘဏ္ဍာရေးမှူး ဒေါ်ဥမ္မာစိုးတို့က လက်ခံရယူကြစဉ်။ (က–ပ)

မုဒုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးဖုန်းလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင်တို့ ဦးဆောင်သောဝန်ထမ်းများနှင့်မြို့မ (၂)ရပ်ကွက် ပြည်သူများပူးပေါင်း၍ မြို့တွင်း ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်မှုကို မေ ၂ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ရေထုတ်ပြွန်တပ်

မလှိုင် မေ ၃

မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လယ်ကြီးကျေးရွာရှိ ကုန်းတဲထည်ရေချမြောင်းသုံးခုကို မေ ၃ ရက်က အချင်းနှစ်ပေ၊ ၁၈ပေအရှည် ရေထုတ်ပြွန်များ တပ်ဆင်၍ မော်တော်ယာဉ်သွားလာနိုင်စေရန် တည်ဆောက်ပေးလျက်ရှိသည်။

အဆိုပါ ရေထုတ်ပြွန်များ တပ်ဆင်ခြင်း၊ မြေဖို့ခြင်းလုပ်ငန်းများကို မြို့နယ်စည်ပင် အငယ်တန်း အင်ဂျင်နီယာ(၂)ဦးစိုးမြင့်မောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၃)ဒေါ်မြသက်နှင်းတို့က ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**

မေ ၂၃ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့် အဖွဲ့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဦး၊ တာဝန်ခံ အင်ဂျင်နီယာ ဦးဇော်မင်းထိုက်တို့ လိုက်ပါ၍ မေ ၂၂ ရက်က ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ကျောင်းကုန်းကိုင်းတာ ကျေးလက်လမ်းကို ကျောက်ချောလမ်း ခင်းမည့် အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။ (၃၆၅)

အမှတ်(၁) လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်ရေးစက်ရုံ

ဝန်ကြီး ဗိုလ်ချုပ်စောလွင် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၈

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် မေလ၂၄ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်း(အနောက်) ပန်းတောင်းမြို့နယ်ရှိ မြန်မာ့လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၏ အမှတ်(၁) လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုစက်ရုံ(ဆင်တဲ)သို့ရောက်ရှိပြီး စက်ပစ္စည်းအစိတ်အပိုင်း ထုတ်လုပ်ရေးအလုပ်ရုံ(၂)၌ လယ်ယာသုံးစက်ပစ္စည်းများ စက်ခုတ်စားမှုနှင့်လေးဘီးထွန်စက်ငယ်များ ထုတ်လုပ်ထားရှိမှုကိုလည်းကောင်း၊ ကုန်ကြမ်းသိုလှောင်ရုံတွင် ကုန်ကြမ်းနှင့် ပစ္စည်းအစိတ်အပိုင်းများ သိုလှောင်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် ဝန်ကြီးက ထုတ်လုပ်သည့်စက်ပစ္စည်းများ အမျိုးအစားကောင်းမွန်ရေး၊ လျာထားချက် ပြည့်မီအောင် ထုတ်လုပ်ရေး၊ ကုန်ကြမ်းများ အလေအလွင့်မရှိစေရန် စနစ်တကျထားသိုသုံးစွဲရေးနှင့် လုံခြုံရေးကိစ္စများကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန်းဆွောင်းသံမဏိကြိုးတံတားတည်ဆောက်ရေးလုပ်ငန်း ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၂ ရက်က ကလေးမြို့မှတစ်ဆင့် ကလေး-ဖလမ်း-ဟားခါးလမ်း(ကလေး-သိုင်းငင်းအပိုင်း)ကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သိုင်းငင်း-တီးတိန်လမ်းနှင့် တီးတိန်-ရိဒ်ရေကန်လမ်းကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် တီးတိန်-ရိဒ်ရေကန်လမ်းပေါ်ရှိ မန်းဆွောင်း သံမဏိကြိုးတံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ တံတားအထူးအဖွဲ့(၁၄)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဆန်းဝင်းက လုပ်ငန်းပြီးစီးမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

လက်ရှိမန်းဆွောင်း ကြိုးတံတားမှာ ကားငယ်များသာ ဖြတ်သန်းနိုင်ပြီး တံတား၏ခံနိုင်ဝန်မှာ(၃)တန်သာ ခွင့်ပြုထားသဖြင့် ကုန်ပစ္စည်းများကို ယာဉ်ပေါ်မှချပြီး လူဖြင့် သယ်ယူနေရရာ ဤတံတားကြီးပြီးစီးသွားပါက တိုက်ရိုက်ဖြတ်သန်းသယ်ယူသွားလာနိုင်မည်ဖြစ်သည်။

များစွာအကျိုးဖြစ်ထွန်းမည်

ဤတံတားကြီးပြီးစီးသွားပါက မဏိပူရမြစ် အနောက်ဘက်ကမ်းရှိ ဒေသခံပြည်သူများ တီးတိန်မြို့မှတစ်ဆင့် ကလေးမြို့သို့လည်းကောင်း၊ ဖလမ်း -ဟားခါးမြို့များသို့လည်းကောင်း အချိန်မရွေး လွယ်ကူစွာသွားလာနိုင်မည်ဖြစ်သဖြင့် ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး စသည့်ကျေးလက်ဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။ မန်းဆွောင်းတံတားသည် အိန္ဒိယနိုင်ငံသို့ ဆက်သွယ်သော အဓိကလမ်းပေါ်တွင်တည်ရှိသဖြင့် နယ်စပ်ကုန်စည်ကူးသန်းရောင်းဝယ်ရေးအတွက်လည်း များစွာအကျိုးဖြစ်ထွန်းမည်ဖြစ်သည်။

ရောဝတီတံတား(ရတနာပုံ)

ဝန်ကြီးနှင့်အဖွဲ့သည် မေ၂၅ရက်နံနက်ပိုင်းက ရောဝတီတံတား (ရတနာပုံ)တည်ဆောက်ရေးစီမံကိန်း မန္တလေးဘက်ကမ်း လုပ်ငန်းခွင်သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ မန္တလေးဘက်ကမ်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူး ဦးဌေးမြင့်က တံတားလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီတည်ဆောက်ရန်၊ သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး ဦးစားပေးဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ရောဝတီတံတား(ရတနာပုံ) မန္တလေးဘက်ကမ်း သံပေါင်တပ်ဆင်ခြင်း လုပ်ငန်းကို RP_1 မှ RP_2 တွင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရှစ်မီတာခြောက်ခန်း တပ်ဆင်ပြီးဖြစ်ကြောင်း သိရှိရသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် မြစ်ငယ်တံတားတည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာမှူး ဦးစိုးမင်းက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၂၅ရက်က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ခရေပင်လမ်းမကြီးမှ မင်္ဂလာဒုံ ဥယျာဉ်မြို့တော်ကို ဖြတ်၍ လမ်းမကြီး ဆက်သွယ်ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ရန်ကုန်တိုင်း)

နီကွန်ဒစ်ဂျစ်တယ်ကင်မရာများ သရုပ်ပြရှင်းလင်း

ရန်ကုန် မေ ၂၈

မြန်မာနိုင်ငံ ဓာတ်ပုံအသင်းနှင့် Big Camera Ltd. တို့ ပူးပေါင်းကျင်းပသည့် Nikon Digital SLR D 70 နှင့် D2H ကင်မရာများနှင့် ပတ်သက်၍ သရုပ်ပြ ရှင်းလင်းပွဲကို မေ ၂၅ ရက် ညနေ ၃နာရီက အမှတ် ၂၇/၂၉၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်ရှိ မြန်မာနိုင်ငံဓာတ်ပုံအသင်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ Big Camera Ltd.မှ မန်နေဂျင်းဒါရိုက်တာ ဦးသန်းငွေနှင့် တာဝန်ရှိသူများနှင့် ဓာတ်ပုံဝါသနာရှင်များ တက်ရောက်ကြသည်။

လက်တွေ့သရုပ်ပြ

ရှင်းလင်းသရုပ်ပြပွဲတွင် Nikon Singaporeမှ မန်နေဂျင်းဒါရိုက်တာ Mr. Toruiwaoka က အဖွင့်မိတ်ဆက်စကားပြောကြားပြီး Asia Technical Office မှ မန်နေဂျာ Mr.Daren Tan နှင့် ATO Executive Mr. Richardson Lau တို့က Nikon D 70 SLR နှင့် D2H ဒစ်ဂျစ်တယ် ကင်မရာတို့၏ စွမ်းဆောင်ရည်များကို လက်တွေ့သရုပ်ပြ ရှင်းလင်းကြသည်။

(အပေါ်ပုံ) (က-ပ)

အိုင်အိုဒင်းဆား အရည်အသွေး အကောင်းဆုံး ထုတ်လုပ်နိုင်သည့်ဆားစက်များ ဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန် မေ ၂၈

မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း ရုံးခန်းမတွင် မေ ၂၁ ရက်က ၂၀၀၃-၂၀၀၄ခုနှစ် မြန်မာနိုင်ငံ အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေးအတွက် အမျိုးသား ကျန်းမာရေးစီမံချက်အားအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပါဝင်ခဲ့ကြသော စက်ရုံများမှ အရည်အသွေးအကောင်းမွန်ဆုံး ထုတ်လုပ်နိုင်ခဲ့ကြသည့် ဆားစက်များကို ဂုဏ်ပြုဆုပေးပွဲ ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူးဦးစောဝင်းက အိုင်အိုဒင်းဆား စားသုံးခြင်း အရေးပါထိရောက်မှု၊ ပညာနှင့်ကိုယ်ကာယဖွံ့ဖြိုးတိုးတက်ရေးတို့ကို အထောက်အကူပြုသော ပထမဆုရရှိသည့် တိုးနယားဆားစက်**(အပေါ်ပုံ)**၊ ဒုတိယဆု ရရှိသောစိန်မေတ္တာမွန်ဆားစက်၊ တတိယဆုရရှိသည့်ကေကေ ဆားစက်များနှင့် စီမံကိန်း အောင်မြင်အောင် ကြိုးစားထုတ်လုပ်ပေးကြသောဆားစက်များကို နှစ်သိမ့်ဆုများ ဂုဏ်ပြု ပေးအပ်ချီးမြှင့်သည်။ **(၃၀၂)**

ဂျီဒီပီတွက်ချက်မှု သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မေ ၂၈

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေးဦးစီးဌာန GDPတွက်ချက်မှု သင်တန်းအမှတ်စဉ် (၁/၂၀၀၄-၂၀၀၅)ဆင်းပွဲအခမ်းအနားကိုမေ၂၅ရက်နံနက် ၁၁ နာရီခွဲက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန သင်တန်းခန်းမ၌ကျင်းပရာ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်၊ ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်က သင်တန်းဆင်း အမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ ဒုတိယညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်းလက်မှတ်များချီးမြှင့်ကြောင်း သိရသည်။

(သတင်းစဉ်)

ဆေးခြောက် သုံးကီလို ကော့သောင်းမြို့နယ်၌ ဖမ်းမိ

ရန်ကုန် မေ ၂၈

နယ်မြေခံ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မူးယစ်(အထူး)တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၈ ရက်တွင် သတင်းအရ ကော့သောင်းမြို့နယ် (၇)မိုင်ကျေးရွာအုပ်စု၊ ချောင်းစလန်းကျေးရွာ အပြင်ဘက်၌ စောင့်ဆိုင်းနေစဉ် ယင်းကျေးရွာနေ ဦးကျော်ရှိန်၏သား စိုးနိုင်နှင့် ဦးကြီးအောင်၏သား ဦးစိုးတို့အား မသင်္ကာဖွယ်ရာ တွေ့ရှိရ၍ ရှာဖွေစစ်ဆေးခဲ့ရာ ပီနံအိတ်နှင့် ပလတ်စတစ်အိတ်များအတွင်း ထည့်သွင်းယူဆောင်လာသည့် ဆေးခြောက်သုံးကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အရေးယူ

အဆိုပါ ဖမ်းဆီးရမိ တရားခံများနှင့် မူးယစ်ဆေးဝါးများအား သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၈ရက်က စိုးနိုင်နှင့် ဦးစိုးတို့အား ဆေးခြောက်သုံးကီလိုနှင့်အတူ ကော့သောင်းမြို့နယ်၌ ဖမ်းမိစဉ်။ (သတင်းစဉ်)

အဂ္ဂမဟာပဏ္ဍိတ ဂုဏာဝိသိဋ္ဌပူဇာပွဲ ပြင်ဦးလွင်၌ ကျင်းပ

ပြင်ဦးလွင် မေ ၂၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသော အလိုတော်ပြည့်ကျောင်းတိုက်များ၏ ပဓာနနာယက အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ် အဓိပတိ ပြည်တွင်းပြည်ပသာသနာပြု အလိုတော်ပြည့် ဆရာတော်ဘဒ္ဒန္တအရိယဝံသအရှင်မြတ်အား အဂ္ဂမဟာပဏ္ဍိတ ဂုဏာဝိသိဋ္ဌပူဇာ အခမ်းအနားကို မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့ရှိ အလိုတော်ပြည့်ကျောင်းတိုက်များမှ ဂေါပကအဖွဲ့များ စုပေါင်း၍ မေ ၁၉ရက်က ပြင်ဦးလွင်မြို့ အောင်မြေဗောဓိမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သံဃနာယက ဥက္ကဋ္ဌကံဦးဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ အလိုတော်ပြည့် ဆရာတော်အား ဘွဲ့တံဆိပ်တော်ကို ဗိုလ်မှူးချုပ်မင်းအောင်လှိုင်က ဆက်ကပ်လှူဒါန်းပြီး **(ဝဲပုံ)**တာဝန်ရှိဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။ **(၂၈ဝ)**

မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီများငွေလှူဒါန်း

ရန်ကုန် မေ ၂၇

ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာန ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၂၅ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပခဲ့ပြီး ကောက်ခံရရှိသော အလှူငွေများမှ လက်ကျန်ငွေများ အားလုံးကို ဓိဝိတဒါနသံဃာ့ဆေးရုံသို့ ကျပ်နှစ်သိန်း **(အပေါ်ပုံ)**၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ ကျပ်နှစ်သိန်း၊ ကန်တော်ကလေး လူအိုရုံသို့ ကျပ်နှစ်သိန်း၊ မွတ်ဆလင်ဘိုးဘွားများ ဂေဟာသို့ ကျပ်နှစ်သိန်း၊ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်းသို့ ကျပ်နှစ်သိန်း၊ ဝိသာခါသီလရှင် မိဘမဲ့ကလေးများကျောင်းသို့ ကျပ်နှစ်သိန်း၊ နာရေးကူညီမှုအသင်းသို့ ကျပ်နှစ်သိန်း စုစုပေါင်း အလှူငွေကျပ်တစ်ဆယ့်လေးသိန်းကို မေ ၂၁ ရက်က ဖြစ်မြောက်ရေး ကော်မတီဝင်များ သွားရောက် လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(က-ပ)**

ပန်းတနော်မြို့နယ် ကျေးလက်လမ်းဖောက်

ပန်းတနော် မေ ၁၃

ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ခတ္တိယကျေးရွာချင်း ဆက်မြေသားလမ်းကို စက်ယန္တရားများဖြင့် ဖောက်လုပ်မှုကို မေ၁၂ရက် နံနက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးရာ ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်နှင့် လက်ထောက် အင်ဂျင်နီယာ ဦးကျော်ဇင်ဝေတို့က လိုက်လံရှင်းလင်းပြသကြကြောင်း သိရသည်။ **(အောက်ပုံ)** **(၃၂၇)**

အိမ်တွင်းပြုစုမှုအလုပ်ရုံဆွေးနွေးပွဲကျင်းပ

လှိုင်ကော် မေ ၃

ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ကျန်းမာရေးဦးစီးဌာန ခန်းမဆောင်၌ ဧပြီ ၂၇ ရက်က မြန်မာနိုင်ငံ သူနာပြုအသင်း(ဗဟို)မှ ဦးဆောင်ကျင်းပသော လူထုအခြေပြုအိမ်တွင်း ပြုစုမှုအစီအစဉ်၏အကြို အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပရာ အခမ်းအနားတွင် လွိုင်ကော်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်စိုးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့မှ ပြည်နယ် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဦးထွန်းအေးနှင့် မြန်မာနိုင်ငံ သူနာပြုအသင်း(ဗဟို)မှ ဦးခင်မောင်ဝင်းတို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၃၀ တက်ရောက်ပြီး ဆွေးနွေးပွဲနှင့် သင်တန်းကာလမှာ ၆ ရက်ကြာမြင့်ကြောင်း သိရသည်။ **(က-ပ)**

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ နမ့်ပြင်-တွန်ကြိုင်း ကျေးလက်မြေသားလမ်း လမ်းအူကြောင်းကိုမေ၂၁ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့် ကွင်းဆင်းစစ်ဆေးကြည့်ရှုစဉ်။ (၃၀၆)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး
အမှတ် ၃၀၂/၃၀၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့
ကော့စတစ်ဆိုဒါ၊အရောင်ချွတ်မှုန့်နှင့်ဖော့စဖောရစ်အက်ဆစ် ဝယ်ယူလိုကြောင်း

ချိပ်ပိတ်တင်ဒါ ကြေညာခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မြန်မာ့လယ်ယာထွက် ကုန်ပစ္စည်းရောင်းဝယ်ရေးလက်အောက်ရှိ ဖွဲ့နှဆီစက်များတွင် ဆီသန့်စင်အသုံးပြုရန် ကော့စတစ်ဆိုဒါ (၁၄၅)တန် အရောင်ချွတ်မှုန့်(၁၀၈)တန်နှင့် ဖော့စဖောရစ်အက်ဆစ်(၇)တန်ကို နိုင်ငံသားပိုင်ကုမ္ပဏီများ၊ နိုင်ငံခြားနှင့် ဖက်စပ်လုပ်ကိုင်လျက်ရှိသော ကုမ္ပဏီများ ရောင်းဝယ်ရေးလုပ်ငန်းများမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ကော့စတစ်ဆိုဒါ၊ အရောင်ချွတ်မှုန့်နှင့် ဖော့စဖောရစ်အက်ဆစ် ချိပ်ပိတ်တင်ဒါ တင်သွင်းလိုပါက မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးရုံးချုပ် တတိယထပ်ရှိ ဖွဲ့နှဆီစက်ဌာနတွင် သတ်မှတ်ထားသော တင်ဒါစည်းကမ်း ပုံစံများဝယ်ယူ၍ တင်သွင်းယှဉ်ပြိုင်နိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိလိုပါက ဖွဲ့နှဆီစက်ဌာနတွင် စုံစမ်းမေးမြန်းနိုင်ပြီး တင်ဒါပိတ်ရက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) တင်ဒါပိတ်ရက် ၁၅-၆-၂၀၀၄ (အင်္ဂါနေ့) (၁၆:၀၀) နာရီ

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး (ရုံးချုပ်)။

ကုက္ကိုင်းရေကူးအသင်း
နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ၂၀၀၃-၂၀၀၄ ခုနှစ်

ဖိတ်ကြားလွှာ

ကုက္ကိုင်းရေကူးကန်အသင်း၏ ၂၀၀၃-၂၀၀၄ ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် (က)အသင်းဝင်တိုင်း မပျက်မကွက်ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၀-၆-၂၀၀၄(တနင်္ဂနွေနေ့)
အချိန် - နံနက် ၉း၀၀ နာရီ
နေရာ - အသင်းခန်းမ

အမှုဆောင်ကော်မတီ၏ ၂၀၀၃-၂၀၀၄ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ၊ ငွေစာရင်းရှင်းတမ်းပါ အချက်အလက်များနှင့် အခြားအကြံပြုဆွေးနွေးလိုသော အချက်များကို ၁၃-၆-၂၀၀၄ (တနင်္ဂနွေနေ့)ညနေ ၄း၀၀ နာရီ နောက်ဆုံးထား၍ ရုံးအဖွဲ့သို့ စာဖြင့်ကြိုတင်ရေးသားပေးပို့ နိုင်ပါသည်။

တက်ရောက်သည့်(က)အသင်းဝင်တိုင်းအတွက် နေ့လယ်စာဖြင့် ဧည့်ခံပါမည်။ ကံစမ်းမဲလည်း စီစဉ်ထားပါသည်။

အမှုဆောင်ကော်မတီ
ကုက္ကိုင်းရေကူးအသင်း။

LCCI (Level I, II & III)
Phyo Phyo Thein
B.Sc (Hons), (Physics),
MEP II DA (LCCI),
ACCA (Part II)

June ၅ ရက် စဖွင့်မည်။ May လအတွင်း အပ်သူများအား 25% Discount ပေးမည်။

ဖြိုးဖြိုးသိဏ်း
၂၀၁၅ (A) ရတနာလမ်း၊ မြေနီကုန်း
ဖုန်း ၅၀၂၂၆၂၊ ၅၀၄၀၁၇

အမည်ပြောင်း

အဖဦးတင်ဝင်း၏သမီး အထက(၂) သဃ်န်းကျွန်း နဝမတန်းမှ မသန္တာချမ်းမိုးအား မသန္တာဝင်းဟု ပြောင်းလဲခေါ်ပါရန်။

မသန္တာဝင်း။

အမည်ပြောင်း

ဦးလင်းထိုက် ၆/မအရ(နိုင်)၀၄၅၁၈၆ ၏ သား မြိတ်မြို့ အထက(၄)ပထမတန်းမှ မောင်ကျော်ဇင်ဟိန်းအား မောင်မင်းသူထိုက်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မင်းသူထိုက်။**

အဖအမည်မှန်

ကျိုင်းတုံမြို့ အထက(၃)အဋ္ဌမတန်းမှ နန်းမိုဟွမ်စမ်၏ အဖအမည်မှန်မှာ ဦးစိုင်းဆမ်တစ် ၁၃/ကတန(နိုင်)၀၅၄၅၇၁ ဖြစ်ပါသည်။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်တို့၏သား မောင်တင်အောင်တိုး(ခ)တုတ်တုတ် ၁၄/ကလန(နိုင်)၀၀၃၄၄၉ သည် မိဘ ဆိုဆုံးမခြင်းကို မနာခံဘဲ နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

ဦးတင်အောင်၁၄/ကလန(နိုင်)၀၀၃၄၄၇
ဒေါ်ခင်သန်း၁၄/ကလန(နိုင်)၀၀၃၄၇၇
ယုဇနမြိုင်မိသားစု။

အမွေဆက်ခံရန်
သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း

အကြောင်းကြားစာ

(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ -၃၇၃)
ရန်ကုန် အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၀၄ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၄၅

ကွယ်လွန်သူ ဦးစိန်းရင်၌ ကျန်ရှိရစ်သော ပစ္စည်းများအကြောင်း။

ဒေါ်ညွန့်ရီ

လျှောက်ထားသူ

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ညရပ်ကွက်၊ သုခမ္မာလမ်းမကြီး၊ အမှတ် ၄ နေ ဒေါ်ညွန့်ရီက ကွယ်လွန်သူဦးစိန်းရင်၏ ဇနီးဖြစ်သည်ဟူ၍ အထက်ပါ လိပ်စာနေ ၎င်းကွယ်လွန်သူ ဦးစိန်းရင်မှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလို ကြောင်း၊ ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ၊ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးစိန်းရင်မှာ ကျန်ရှိရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၀၄ခုနှစ် ဇွန်လ ၄ရက် (၁၃၆၆ခုနှစ်၊ နယုန်လဆုတ် ၂ရက်) နေ့ နံနက် ၁၀နာရီတွင် လာရောက်ကြရမည်။ ၎င်းနေ့ရက် တွင် လျှောက်ထားသူ ဒေါ်ညွန့်ရီ၏ လျှောက်ထားချက်ကို နာကြား၍ လက်မှတ် ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၄ ခုနှစ် မေလ ၂၇ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

တင်တင်မြ (တ/၁၅၇၅)
ဒုတိယခရိုင်တရားသူကြီး
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

KMD COMPUTER CENTRE
i-Office
သင်တန်း
Digital Camera, Scanner, USB Drive, CD Writer
Syllabus
Using Email & Internet
Window Operating System
Adobe PageMaker 7
Microsoft Excel 2003
Microsoft PowerPoint 2003
Microsoft Word 2003

အမည်ပြောင်း

ပျဉ်းမနားမြို့ အထက(၁)မှ န၀မ တန်းမှ အဖဦးခင်မောင်မြင့်၏သား မောင်ရဲမင်းဟိန်းအား မောင်အောင်ပိုင်စိုးဟုခေါ်ဆိုပါရန်။

မောင်အောင်ပိုင်စိုး။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်မင်းစိုး၏ နိုင်ငံကူး လက်မှတ် (၅၆၄၆၄၀)သည် ၂၂–၅–၂၀၀၄ ရက်တွင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပါရန်။ **မောင်မင်းစိုး**

ဖုန်း–၂၄၇၀၄၀၊ ၅၇၂၆၁၇။

ဝန်ထမ်းအလိုရှိသည်

(1) Marketing Manager (1)post
- Microsoft Office
(2) Accountant (1)post
- B.Com, C.P.A
- Microsoft Office
(3) Admin Staff (4)posts
- Microsoft Office
(4) Sales Supervisor (2)posts
(5) Salesman (5)posts
(6) Driver (3)posts
(7) Sales Assistant (5)posts

Tel : 210 670, 223 288, Ext - 201

ဖခင်အမည်မှန်

လားရှိုးမြို့ အထက(၂)န၀မတန်း (ဃ)တွင် ပညာသင်ကြားလျက်ရှိသော မခေါ်နံရာ၏ ဖခင်အမည်မှန်မှာ ဦးဝင်းလှိုင်(ခ)ချိန်အားဖျင့် ဖြစ်ပါကြောင်း။

မိုးရာသီရေကူးသင်တန်း

နေရာ– သထုံလမ်း တက္ကသိုလ်များ ရေကူးကန်
စမည့်ရက်–၂–၆–၂၀၀၄
ဖုန်း–၅၃၃၁၀၉

အများသိစေရန်

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာ့ဂုဏ်ရည်လမ်း အမှတ် ၁၅၀ မြေညီထပ် ခြေရင်းခန်းကို အခန်းပိုင်ရှင် ဦးစိုးလွင်ထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်ခင်ပြုံးရီ
အမှတ်(၁၆၉)
လမ်းမတော်လမ်း၊ရန်ကုန်မြို့။

မင်္ဂလာကုမ္ပဏီလီမိတက်
အဆင့်မြင့်ရုပ်ရှင်ရုံများတွင်ခန့်အပ်ရန်အတွက် အောက်ပါဝန်ထမ်းများအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ မင်္ဂလာကုမ္ပဏီလီမိတက် အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ခန့်အပ်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

(က) **ဒု/မန်နေဂျာ (Deputy Manager)** ကျား (၃) ဦး
- အသက် (၃၅)နှစ်မှ (၄၅)နှစ်အတွင်း ဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူ ဖြစ်ရမည်။
- အုပ်ချုပ်မှုလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိသူ ဖြစ်ရမည်။

(ခ) **လ/ထ မန်နေဂျာ(Assistant Manager)** ကျား/မ(၄)ဦး **(စီမံ/ကြီးကြပ်)**
- အသက် (၂၅)နှစ်မှ (၄၀)နှစ်အတွင်း ဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ ဖြစ်ရမည်။
- အိမ်ထောင်မရှိသူ ဖြစ်ရမည်။

(ဂ) **လျှပ်စစ်/လေအေးစက်ဝန်ထမ်း** ကျား (၈) ဦး
- အသက် (၄၅)နှစ်အောက် ဖြစ်ရမည်။
- A.G.T.I (M.P),(E.P), (E.C) စက်မှုလက်မှုအထက်တန်းကျောင်းမှ လျှပ်စစ်/ လေအေးစက်ဘာသာရပ်ဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။
- (လုပ်ငန်းအတွေ့အကြုံရှိသူများကို ပညာအရည်အချင်း လျှော့ပေါ့စဉ်းစားမည်။)

(ဃ) **ပြစက်ဝန်ထမ်း** ကျား (၅) ဦး
- အသက် (၄၅)နှစ်အောက် ဖြစ်ရမည်။
- A.G.T.I (M.P),(E.P), (E.C) စက်မှုလက်မှုအထက်တန်းကျောင်းမှ Electrical (သို့မဟုတ်) Mechanical ဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။
- (လုပ်ငန်းအတွေ့အကြုံရှိသူများကို ပညာအရည်အချင်း လျှော့ပေါ့စဉ်းစားမည်။)

(င) **တန်းပြဝန်ထမ်း** ကျား (၁၀)ဦး
- အသက် (၁၈)နှစ်မှ (၂၅)နှစ်အတွင်း ဖြစ်ရမည်။
- အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူ ဖြစ်ရမည်။
- အိမ်ထောင်မရှိသူ (လူပျို) ဖြစ်ရမည်။

(စ) **ရောင်း/သိမ်းဝန်ထမ်း** မ (၁၀) ဦး
- အသက် (၁၈)နှစ်မှ (၂၅)နှစ်အတွင်း ဖြစ်ရမည်။
- အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူ ဖြစ်ရမည်။
- အိမ်ထောင်မရှိသူ (အပျို) ဖြစ်ရမည်။

(ဆ) **လုံခြုံရေး/ယာဉ်ရပ်နားစခန်းဝန်ထမ်း** ကျား (၁၂) ဦး
- အသက် (၃၀)နှစ်မှ (၄၅)နှစ်အတွင်း ဖြစ်ရမည်။
- အခြေခံပညာ အလယ်တန်းအဆင့်ရှိရမည်။
- စစ်မှုထမ်းဟောင်း (သို့) ရဲမှုထမ်းဟောင်းများ ဦးစားပေးမည်။

(ဇ) **သန့်ရှင်းရေးဝန်ထမ်း** ကျား/ မ (၁၀)ဦး
- အသက် (၂၅)နှစ်အောက်ဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- အိမ်ထောင်မရှိ လူပျို/ အပျို ဖြစ်ရမည်။

(ဈ) **ထမင်းချက်ဝန်ထမ်း** မ/ (၂) ဦး
- အသက် (၄၀)နှစ်မှ (၄၅)နှစ်အတွင်း ဖြစ်ရမည်။
- အခြေခံပညာ အလယ်တန်းအဆင့် ရှိရမည်။
- အိမ်ထောင်မရှိသူ ဖြစ်ရမည်။

၂။ မင်္ဂလာကုမ္ပဏီလီမိတက် မင်္ဂလာဥယျာဉ်ဟိုတယ် (Mingalar Garden Hotel) တွင်ခန့်ထားရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

(က) **လ/ထ မန်နေဂျာ(Assistant Manager)** ကျား (၂) ဦး
- အသက် (၂၅)နှစ်မှ (၄၀)နှစ်အတွင်း ဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ ဖြစ်ရမည်။

(ခ) **ဧည့်ကြို (Receptionist)** ကျား/မ (၂) ဦး
- အသက် (၂၅) နှစ်မှ (၄၀)နှစ်အတွင်း ဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ ဖြစ်ရမည်။

(ဂ) **ကွန်ပျူတာကျွမ်းကျင်သူ** ကျား/ မ (၂) ဦး
- အသက် (၂၀)နှစ်မှ (၃၀)နှစ်အတွင်း ဖြစ်ရမည်။
- အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူဖြစ်ရမည်။
- ကွန်ပျူတာ ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်ရမည်။

(ဃ) **စာရင်းကိုင်/ စာရင်းစစ်** မ (၄) ဦး
- အသက် (၂၅)နှစ်မှ (၃၀)နှစ်အတွင်း ဖြစ်ရမည်။
- စီးပွားရေးတက္ကသိုလ်မှ ဘွဲ့တစ်ခုခု ရရှိပြီးသူဖြစ်ရမည်။
- သက်ဆိုင်ရာ သင်တန်းဆင်းလက်မှတ် ရပြီးသူဖြစ်ရမည်။
- (ဟိုတယ်နှင့် ရုပ်ရှင်ရုံများတွင် တာဝန်ပေးရန်)

(င) **House- Keeper** ကျား/မ (၃) ဦး
- အသက် (၂၀)နှစ်မှ (၃၀)နှစ်အတွင်း ဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။
- သက်ဆိုင်ရာ သင်တန်းဆင်းလက်မှတ် ရပြီးသူဖြစ်ရမည်။

(စ) **Waiter** ကျား (၃) ဦး
- အသက် (၂၀)နှစ်မှ (၃၀)နှစ်အတွင်း ဖြစ်ရမည်။
- အခြေခံပညာ အထက်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။
- သက်ဆိုင်ရာ သင်တန်းဆင်းလက်မှတ် ရပြီးသူဖြစ်ရမည်။

(ဆ) **ယာဉ်မောင်း (Driver)** ကျား (၃) ဦး
- အသက် (၂၅)နှစ်မှ (၄၀)နှစ်အတွင်း ဖြစ်ရမည်။
- အခြေခံပညာ အလယ်တန်းအဆင့် ရှိရမည်။
- လိုင်စင်သက်တမ်း (၅) နှစ်ရှိရမည်။
- အိမ်ထောင်မရှိသူ (လူပျို) ဦးစားပေးမည်။

၃။ အမှတ်စဉ်အားလုံးအတွက် ရုပ်ရည်အသင့်အတင့်ရှိပြီး ကျန်းမာရေးကောင်းသူ ဖြစ်ရမည်။ အမှတ်စဉ်(၂)အောက်ရှိ ရာထူးအားလုံးအတွက် အင်္ဂလိပ်စကားပြော၊ အရေး တတ်ကျွမ်းသူဖြစ်ရမည်။ လျှောက်ထားလိုသူများသည် (၁၀–၆–၂၀၀၄)ရက် နောက်ဆုံးထား၍ ပတ်စပို့ဓာတ်ပုံ(၂)ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်း အောင်လက်မှတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သက်ဆိုင်ရာမြို့နယ်၊ ရဲစခန်းထောက်ခံချက်မူရင်းများနှင့်အတူ လိုအပ်သောအထောက်အထားများ တစ်ပါတည်းယူဆောင်၍ ရုံးချိန်အတွင်း မန်နေဂျာ–မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံ (ဖုန်း–၂၄၃၀၅၇၊ ၂၄၃၀၅၈) သိမ်ကြီးဈေး (D) ရုံ၊ ရွှေတိဂုံဘုရားလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

– ဒု/ မန်နေဂျာ၊ လ/ထ မန်နေဂျာ၊ ရောင်း/သိမ်း၊ ဧည့်ကြို၊ House-Keeper, Waiter, စာရင်းကိုင်နှင့် ကွန်ပျူတာ ဝန်ထမ်းလျှောက်ထားသူများအား ၁၂–၆–၂၀၀၄ရက် (စနေနေ့) နံနက် ၉း၀၀နာရီတွင်လည်းကောင်း၊

– လျှပ်စစ်/ လေအေးစက်၊ ပြစက်၊ တန်းပြ၊ လုံခြုံရေး၊ ထမင်းချက်၊ သန့်ရှင်းရေးနှင့် ယာဉ်မောင်းဝန်ထမ်းလျှောက်ထားသူများအား ၁၃–၆–၂၀၀၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီတွင်လည်းကောင်း လူတွေ့စစ်ဆေးသွားမည် ဖြစ်ပါသည်။

(လူတွေ့စစ်ဆေးမည့်နေရာ–မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံ)

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်) (မြန်မာကျပ်ငွေဖြင့်သာ)

၁။ စကားပြန် တရုတ်/မြန်မာ မ(၂)ဦး

အထည်ချုပ်လုပ်ငန်း အတွေ့အကြုံရှိသူကို ဦးစားပေးမည်။ လျှောက်ထားလိုသူများသည်– (၁)ဓာတ်ပုံသုံးပုံ၊ (၂)လေဘာမှုရင်း၊ (၃)မှတ်ပုံတင်မိတ္တူ၊ (၄)အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက် အတွင်း အောက်ပါလိပ်စာသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက် လျှောက် ထားနိုင်သည်။

Famoso Clothing Co., Ltd. အမှတ်(A-7-1)၊ မင်္ဂလာဒုံစက်မှုဇုန်၊ အမှတ်(၃)လမ်းမကြီးနှင့် ခရေပင်လမ်းထောင့်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

Tel: 639025– ဆက်သွယ်ရန်အချိန် နံနက်(၉)နာရီမှ (၁၂)နာရီအထိ

ကန့်ကွက်ရန်ကြော်ငြာ

အောက်ပါ လျှောက်ထားသူအား နှစ်လက်မ အဝီစိတွင်းတစ်တွင်း တူးဖော်ခွင့်လိုင်စင် ထုတ်ပေးခြင်းကို မည်သူမဆို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ ၁၄ရက် ရုံးချိန်အတွင်း မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) မြေအောက်ရေကြီးကြပ်မှုအရာရှိရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **လျှောက်ထားသူအမည်နှင့်နေရပ်လိပ်စာ**–ဦးအုန်းမောင်၊ အမှတ် ၃၁/ခ၊ ၁၅၅ လမ်း၊ တာမွေမြို့နယ်၊ **တူးဖော်မည့်နေရာ၊ မြေကွက်အမှတ်**– ၁၊ ၂၊ ၃ နှင့် ၄၊ **မြေတိုင်းရပ်ကွက်အမှတ်**–၃(အေ)။ **(သန်းသန်းစိုး)**

မြေအောက်ရေကြီးကြပ်မှုအရာရှိ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)

မြန်ကောင်း

လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ ဇအိုနာ၊ အကျိတ်ဖြစ်သူများ

Y.E.S. အင်္ဂလိပ်စကားပြော သင်တန်းများ
Basic Spoken English JUNE - 14, 21,26
Pre-Intermediate English JUNE - 14,19,21
Intermediate English, SAT (I) JUNE - 1, 26
Vocabulary Enrichment Course JUNE-14
Grammar Foundation Course JUNE - 28
AWC, BWC, TOEFL, IELTS, SAT (II)/ AE
No.119, YMCA Building, Bogalayzay Street, Botataung TSP.
ဖုန်း - 245821

ထူးရိယစားသောက်ဆိုင်
KTV, Billiard, Darts Board

သား ရန်လင်းအောင်

အဖေ ကျန်းမာရေးမကောင်းပါ၊ အမေလည်း စိတ်သောကရောက်နေသဖြင့် ဤကြော်ငြာတွေ့လျှင် မိဘများနှင့်အမြန်ဆက်သွယ်ပါ။ သားဆန္ဒကို မိဘများက လိုက်လျောပါမည်။ **မိခင်-ဒေါ်အေးအေးသိန်း။**

သီသီ

သမီး အမြန်ဆုံးဆက်သွယ်ပါ။
အပါ ကျန်းမာရေးမကောင်းပါ။
သမီးဖြစ်ချင်တာတွေအားလုံး အပါ လုပ်ပေးပါ့မယ်။
ဖခင်-ဦးကျော်သောင်း
ဖုန်း-၇၀၁၂၀၅၊ ၂၈၄၇၆၇၊ ၂၄၃၁၅၆။

ဦးအောင်မြမောင် (မော်လမြိုင်)
ရုံးအဖွဲ့မှူး(ငြိမ်း)၊ တာမွေမြို့နယ်ရုံး
အသက်(၇၉)နှစ်

မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်၊ အောက်လမ်းမကြီးနေ (ဦးမောင်မောင်-ဒေါ်ငြိမ်းလှ)တို့၏သား၊ (ဒေါ်ခင်စိန်)၏ခင်ပွန်း၊ ဒေါ်သန်းတင်၊ (ဦးမျိုးသန့်)-ဒေါ်စောမြ၊ ဦးကျော်တင့်-ဒေါ်လုံးတင်တို့၏အစ်ကိုကြီး၊ ဦးမောင်မောင်ထွန်း-ဒေါ်စုစုငြိမ်း၊ ဦးကျော်ဝင်း-ဒေါ်တင်တင်ရီ၊ ဦးအောင်ကျော်မြင့်-ဒေါ်မြကြွယ်၊ ဦးကျင်သိန်း-ဒေါ်ဝင်းဝင်းသန်း၊ (ဦးစိုင်းလှမြင့်အေး)-ဒေါ်မြင့်မြင့်သန်းတို့၏ဖခင်၊ မြေး ၁၄ ယောက်၊ မြစ်လေးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၆-၅-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီ တွင် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းစိန်လမ်းမကြီး၊ စံရိပ်ငြိမ်၊ အမှတ် ၄၆(D)နေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၀-၅-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးခင်ထွန်း (သန်လျင်)
(သမဦးစီး၊ ငြိမ်း)
အသက်(၆၉)နှစ်

သန်လျင်မြို့နေ (ဦးအုန်းမောင်-ဒေါ်မြရွှေ)တို့၏သား၊ ရန်ကုန်မြို့၊ ကုက္ကိုင်းရိပ်သာနေ (ဦးဘသောင်း-ဒေါ်မမကြီး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ အခန်းအမှတ် ၄၊ တိုက် ၈၊ ၉ လမ်း(အေ)နေ ဒေါ်ခင်ခင်အေး၏ခင်ပွန်း၊ ဦးတင်ထွန်းဦး-ဒေါ်သီတာသန်း(YTU)၊ ဦးဇော်ဆန်း-ဒေါ်သန္တာမြင့်၊ ဦးအောင်သူဆွေ-ဒေါ်ထက်ယဉ်ဝင်း၊ ဦးဖြိုးမင်းသိန်းတို့၏ဖခင်၊ မြေး ၁၀ ယောက်တို့၏အဘိုးသည် ၂၈-၅-၂၀၀၄ရက် (သောကြာနေ့) ညနေ ၅း၁၅ နာရီတွင် မော်တင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးထွန်းဝင်း
(ထွန်း အိမ်ဆောက်ပစ္စည်း)
အသက်(၅၄)နှစ်

(ဦးစု)-ဒေါ်တင်ညွန့်တို့၏သား၊ (ဦးချင်း)-ဒေါ်သန်းစိန်တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်၊ ထီးတန်းကန္နားလမ်း၊ အမှတ် ၂၂ နေ ဒေါ်တင်တင်လတ်၏ခင်ပွန်း၊ မမွန်မာလာထွန်း၊ မပွင့်သဇင်ထွန်းတို့၏ဖခင်၊ ဦးတင်ထွန်း-ဒေါ်နီနီတို့၏မောင်၊ ဒေါ်တင်တင်မြင့်၊ ဦးတင်ဝင်း-ဒေါ်ညွန့်စိန်၊ ဦးသန်းလွင်-ဒေါ်တင်တင်မွှေး၊ဦးအောင်ဝင်း(ဒု-အထွေထွေမန်နေဂျာ၊မြန်မာ့မီးရထား)-ဒေါ်သန်းသန်းမြင့်၊ ဒေါ်တင်တင်ထွေးတို့၏အစ်ကိုသည် ၂၇-၅-၂၀၀၄ရက် နံနက် ၁၁း၄၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၅-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဝင်းရှိန် (သန်လျင်)
ကုန်သွယ်/လယ်ယာ(ငြိမ်း)
အသက်(၆၅)နှစ်

ရန်ကုန်တိုင်း၊ ကျောက်တန်းမြို့နယ်၊ ကဒပ္ပနကျေးရွာနေ (ဦးထွန်းရင်-ဒေါ်သန်းရွှေ)တို့၏သား၊ ပုလောမြို့နေ (ဦးအေး-ဒေါ်စိန်)တို့၏ သားသမက်၊ ဒေါ်သန်းရှင်၏ခင်ပွန်း၊ ဦးကျော်ဆန်းလွင်-မသန်းသန်းနု၊ ဦးသန်းမြင့်ဦး-မနီနီရှိန်၊ (ကိုကျော်ကျော်မိုး)၊ မကေသီဝင်း၊ ဦးရဲသိန်း-မခိုင်ခိုင်ဝင်း၊ မစုစုခိုင်တို့၏ဖခင်၊ မနှင်းကြည်ပြာလွင်၊ မသည်းသဉ္ဇာဦးတို့၏အဘိုးသည် ၂၇-၅-၂၀၀၄ရက် ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၅-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် သန်လျင်မြို့၊ အမှတ် ၁၉၊ ထန်းပင်ကုန်း ၄ လမ်း နေအိမ်မှ သန်လျင် ပျဉ်ထောင်ကျောင်း သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဗိုလ်ထွန်းလင်းဝင်း
B.Sc (Chem) Q, D.S.A
အပတ်စဉ်(၄၅)
အသက်(၂၂)နှစ်

ပုသိမ်မြို့၊ ၄၅၊ မင်းကြီးလမ်းနေ (ဦးသိန်း) - ဒေါ်သန်းမြတို့၏ မြေး၊ ဦးအောင်ဝင်း-ဒေါ်ခင်စန်းမြင့် (တွဲဖက်ပါမောက္ခ၊ ရူပဗေဒဌာန၊ မော်လမြိုင်တက္ကသိုလ်)တို့၏သားကြီး၊ ဒေါ်အေးမြင့်မြင့်အောင်(တိုင်းမြေစာရင်း၊ ပုသိမ်)၊ မောင်အောင်မြင့်ဖြိုး(ထ/၉၊ မော်လမြိုင်) တို့၏ မောင်/အစ်ကို၊ ပုသိမ်မြို့နေ ဦးအောင်မြင့်သိန်း - ဒေါ်အေးအေးမြင့်၊ ဓနုဖြူမြို့နေ ဦးကျော်မြင့်ဇော်-ဒေါ်ချိုချိုနိုင်တို့၏တူသည် ၂၇-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၀၄ရက် (တနင်္လာနေ့)မွန်းတည့် ၁၂ နာရီတွင် မင်္ဂလာဒုံစစ်ဆေးရုံကြီးမှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအသိပေးအပ်ပါသည်။ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ဗိုလ်မှူးအောင်ကျော်လင်း (ငြိမ်း)
အသက်(၄၀)

ဗိုလ်မှူးအောင်ကျော်လင်း(ငြိမ်း) နာမကျန်းစဉ်က ဆေးရုံတက်ရောက်ကုသရာတွင် အဘက်ဘက်မှလိုလေသေးမရှိအောင် အထူးကြပ်မတ်ကုသပေးခဲ့သည့် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးနှင့်အထွေထွေရောဂါကုဆေးရုံသစ်ကြီးတို့မှ ဆေးရုံအုပ်ကြီးများ၊ ဆရာဝန် ဆရာမများအားလည်းကောင်း၊ မေတ္တာစေတနာဖြင့် လာရောက်လှူဒါန်းခဲ့ကြသော သွေးလှူရှင်များအားလည်းကောင်း၊ ကွယ်လွန်အနိစ္စရောက်ရှိချိန်တွင် ဝမ်းနည်းကြောင်း လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းတို့ဖြင့် နှစ်သိမ့်အားပေးကြသည့် မိဘ၊ ဆရာသမား၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စစ်တက္ကသိုလ်အမှတ်စဉ်(၂၈)မှ ကျောင်းဆင်းအရာရှိများအားလည်းကောင်း၊ သင်္ဂြိုဟ်ပြီးစီးချိန်အထိ အစစအရာရာ တာဝန်ယူဆောင်ရွက်ပေးခဲ့သည့် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း အမှုထမ်းများအားလည်းကောင်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းမှ တာဝန်ရှိသူများအားလည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ရေကြောင်းပို့ဆောင်ရေးဌာနမှ တာဝန်ရှိသူများအားလည်းကောင်း၊ အားပေးနှစ်သိမ့်ဝိုင်းဝန်းကူညီခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟအားလုံးတို့အားလည်းကောင်း ကျန်ရစ်သူမိသားစုက ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
အယ်ဖြူ(ခ)ကိုနိုင်အောင်ထွန်း
(သီချင်းရေးဆရာ)
(The Ants ဂီတအဖွဲ့)
အသက်(၃၃)နှစ်

၂၇-၅-၂၀၀၄ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁၂း၃၀ နာရီတွင် ဗဟိုစည်ဆေးခန်း၌ ကွယ်လွန်သွားသော အယ်ဖြူ(ခ)ကိုနိုင်အောင်ထွန်း နာမကျန်းစဉ်က ကုသပြုစုပေးခဲ့ကြသည့် ဆရာဝန် ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ အားလုံးနှင့် ၂၇-၅-၂၀၀၄ရက် ညနေ ၄း၃၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ရာ၌ လိုက်ပါပို့ဆောင်ခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ အနုပညာရှင် ညီအစ်ကိုမောင်နှမများအားလုံးကို ကျေးဇူးတင်ရှိအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးခင်သိန်း
(ညွှန်ကြားရေးမှူးချုပ်၊အငြိမ်းစား)အခွန်အယူခံခုံအဖွဲ့

ဦးမောင်မောင်သိမ်း(အထွေထွေမန်နေဂျာ၊မြန်မာ့အာမခံလုပ်ငန်း)-ဒေါ်မွန်မွန်တာ(ပါမောက္ခ၊ ဥပဒေပညာဌာန၊ ပုသိမ်တက္ကသိုလ်)တို့၏ဖခင် ဦးခင်သိန်း (ညွှန်ကြားရေးမှူးချုပ်၊ အငြိမ်းစား၊ အခွန်အယူခံခုံအဖွဲ့)သည် ၂၁-၅-၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ဥပဒေပညာဌာန၊ရန်ကုန်တက္ကသိုလ်။**

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်စန်းစန်းကြည်(ခ)
ဒေါ်ဖွာတေမာဘီဘီ (တောင်ငူ)
အသက်(၇၄)နှစ်

ကျိုက်ထိုမြို့နေ (ဦးအာဒမ်-ဒေါ်ငွေခိုင်)တို့၏သမီး၊ (ဦးလှိုင်ထွန်း)(ရန်ကုန်နာရီဆိုင်)၏ဇနီး၊ဦးသန်းထွေး-ဒေါ်ယဉ်ယဉ်နွယ်(အထက-၁၊ မော်ဘီ)၊ ဒေါ်ခင်ခင်နွယ်၊ဒေါ်မိမိနွယ်၊ကိုလှဘုန်းဆောင်-မထွန်းနိုင်မွှေး(တောင်ငူ ပြည်သူ့ဆေးရုံကြီး)၊ဒေါက်တာဝါဝါနွယ်ထွေး(လ/ထကထိက၊ ဆေး-၁၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ ဒေါက်တာထင်လင်းအောင်၊ ကိုဝင်းမင်းထွန်းတို့၏မိခင်၊ မဆုမြတ်နိုးထွေး (အထက-၂၊ လသာ)၊ မအိမ့်မျက်ခြယ်(အထက-၁၊ မော်ဘီ)၊ မထက်ဘုန်းမိုတို့၏အဘွားသည် ၂၆-၅-၂၀၀၄ ရက်(ဗုဒ္ဓဟူးနေ့)နံနက်ပိုင်းတွင် အလ္လာရှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ထိုနေ့ အဆွရ်နမာဇ်အပြီးတွင် မော်ဘီမြို့ အနောက်ပိုင်းကဘာရ်စတန်တွင် ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်မြနန်းစော(လဝက၊စစ်တွေ)၏မိခင် ဒေါ်ရွှေခိုင်ဖြူ ၂၂-၅-၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။
ဒေါ်လှနု မိသားစု
ရန်ကုန်။

ဒေါ်ခင်တင့်
(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကုန်လုပ်ငန်းဌာန)
အသက်(၅၁)နှစ်

အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်း၊ ပဒေသာရပ်ကွက်၊ ရာဇသင်္ကြန်လမ်း၊ အိမ်အမှတ် ၉၅၄ နေ(ဦးချစ်ရင်)-ဒေါ်သန်းမြင့်တို့၏သမီးကြီး၊ တပ်ကြပ်ကြီးအောင်မြင့်(မြန်မာ့လက်ရွေးစင်၊လက်ဝှေ့နည်းပြ)၏ဇနီး၊ ဗိုလ်ကြီးလင်းသက်အောင်(တပ်မတော်သူနာပြုနှင့်ဆေးပညာတက္ကသိုလ်)-ဒေါ်စန္ဒာဝင်း၊ မောင်မျိုးသက်အောင်(လယ်/ဆည်ဝန်ကြီးဌာန၊ လက်ဝှေ့အသင်း)၊ မောင်ဘိုဘိုအောင် (လယ်/ဆယ်ဝန်ကြီးဌာန၊ လက်ဝှေ့အသင်း)တို့၏မိခင်၊မောင်ဖြိုးမြင့်အောင်၏အဘွားသည် ၂၇-၅-၂၀၀၄ရက် (ကြာသပတေးနေ့)ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၅-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် မင်္ဂလာဒုံ တပ်မတော်ဆေးရုံကြီးမှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်နွဲ့နွဲ့ဝင်း (ဆသရ၊ငြိမ်း)
အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းကွက်သစ်ရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ် ၄၁၆ (ခြောက်လွှာ)နေ ဦးအုန်းမောင်-ဒေါ်လှလှတို့၏သမီး၊ ဒေါ်အေးအေးသန်း၏အစ်မသည် ၂၈-၅-၂၀၀၄ ရက်(သောကြာနေ့)တွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ကျန်ရစ်သူမိသားစု။

ဦးခင်ထွန်း (သန်လျင်)
(သမဦးစီး၊ ငြိမ်း)
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်နေ ဒေါ်ခင်ခင်အေး၏ ခင်ပွန်း၊ ရန်ကုန်မြို့နေ (ဦးရွှေ-ဒေါ်ခင်စန်းကြည်)၊ (ဦးလှမြင့်)-ဒေါ်ခင်စန်းရီ၊ (ဦးရွှေမြတ်-ဒေါ်ခင်စန်းသီ)၊ ဦးမောင်မောင်လှ-ဒေါ်ခင်ခင်ဌေး၊ဦးတင်လတ်-ဒေါ်ခင်ဝင်းရီတို့၏ ညီ/မောင်၊ သန်လျင်မြို့နေ ဒေါ်ခင်ဝင်း၊ ဦးမောင်မြင့်-(ဒေါ်ခင်ချို)၊ဒေါ်စိန်မြင့်၊(ဦးအောင်လွင်ဌေး)-ဒေါ်တင်ရှိန်တို့၏အစ်ကိုကြီးသည် ၂၈-၅-၂၀၀၄ရက်(သောကြာနေ့) ညနေ ၅း၁၅ နာရီတွင် မော်တင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမောင်နှမများ။

ဒေါက်တာလှအောင်
ညွှန်ကြားရေးမှူး(စီမံ)
ဆေးသုတေသနဦးစီးဌာန
(အထက်မြန်မာပြည်)
အသက်(၆၀)

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လမ်း ၂၀ နေ ဦးကျော်-ဒေါ်သီတို့၏သားကြီး၊ မန္တလေးမြို့၊ ၇၈လမ်း၊ ၃၄ x ၃၅လမ်းကြား၊ အမှတ် ၆၈/ခ နေ (ဒေါက်တာခင်လေးတင့်)၏ခင်ပွန်း၊ ဦးလှခိုင်-ဒေါ်စန်းစန်းလေး၊(ကိုသန်းအောင်)၊ကိုကြည်လွင်-မရွှေဝါ၊ကိုကျော်က-မရွှေလီတို့၏အစ်ကိုကြီး၊ (ကိုဝင်းကိုကိုအောင်-မနန်းခင်မေ)(ကြေးမုံ အော့ဖ်ဆက်)၊ ကိုသူရိန်ဝင်း - မဝင်းစန္ဒာအောင် (Pacific သောက်ရေသန့်)၊ မဝင်းဥမ္မာအောင် (B.P.M.S)တို့၏ဖခင်၊(မခိုင်ဇင်သွယ်)၊ (မောင်စွမ်းထက်ဝင်း)၊ (မအင်ကြင်းဖြူ)တို့၏အဘိုး၊ တူ တူမ လေးယောက်တို့၏ဘကြီးသည် ၂၀-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၂-၅-၂၀၀၄ ရက်(စနေနေ့)တွင် ကြာနီကန် ကွမ်းတုံသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်တီ
(လမ်းသစ်ရိပ်သာ)
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်ရိပ်သာ၊ တိုက် ၆၊ အခန်း ၂၁ နေ(ဦးကျော်ဟန်)၏ဇနီး၊ [ဦးမြင့်အောင်(ခ)အပါ]-ဒေါ်လှမေတို့၏ညီမ၊ ဦးသာဒင်-ဒေါ်အေးစန်းတို့၏အစ်မ၊ (ဦးအေးမြင့်)-ဒေါ်ညို၊ (ဒေါ်သန်းသန်းရီ)-ဦးမြဝင်း၊ (ဒေါ်စန်းစန်းရီ)-ဦးကျော်အေး၊ (ဦးမြင့်ဦး)၊ ဒေါ်စန်းစန်းမြင့်-ဦးမောင်နု၊ ဒေါ်ခင်တင့်-ဦးကျင်သောင်း၊ ဒေါ်ရီရီဝင်း-ဦးဆန်းလှိုင်၊ (ဦးသက်တင်)၊ ဦးလှမင်း-ဒေါ်ကြည်ကြည်မာတို့၏မိခင်၊မြေး ၂၁ ယောက်၊ မြစ် ၁၁ ယောက်တို့၏ အဘွားသည် ၂၈-၅-၂၀၀၄ရက် (သောကြာနေ့)နံနက် ၂း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၀၄ ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ခင်စိန်
အသက်(၈၀)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ အမှတ် ၈ (အေ)၊ ၁၂၈ လမ်းနေ(ဦးအောင်ကွန်း-ဒေါ်လှရင်)တို့၏သမီးကြီး၊ (ဗိုလ်မှူးမျိုးခင်၊ ငြိမ်း)၏ဇနီး၊ ဦးကျော်ထွန်း၊ ဦးဘသိန်းတို့၏ညီမ၊ ဦးမောင်ဟန်၊ ဦးလွင်-ဒေါ်လှလှမြင့်၊ ဒေါ်ခင်ထား၊ ဒေါ်ထွေးသန့်တို့၏အစ်မကြီးသည် ၂၈-၅-၂၀၀၄ရက် (သောကြာနေ့) နံနက် ၇း၄၅ နာရီတွင် ကန်သာယာဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃၀-၅-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်နီ
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၇ လမ်း၊ အမှတ် ၈၄ (ဒုတိယထပ်)နေ (ခေါ့ချိန်စွမ်-လီစိတ်)တို့၏ဒုတိယသမီး၊ ဦးတိတ်စိန်၏ဇနီး၊ ဦးမောင်မောင်ခင်-ဒေါ်လီလီထွေးတို့၏မိခင်၊ (ဒေါ်ကျင်မြင့်-ကျူကက်ဘိန်း)တို့၏ညီမ၊(ဦးသိန်းဝင်း)၊ ဒေါ်ကျင်မြိုင်၊ ဒေါ်တင်တင်မြင့်၊ ဒေါ်ခင်စန်းမြင့်-ဦးဝင်းနိုင်တို့၏အစ်မ၊ မြေးတစ်ယောက်၏အဘွားသည် ၂၇-၅-၂၀၀၄ရက် နံနက် ၈ နာရီတွင် အာရုံတော်ဝင်ဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး ဖူကျန့်သုသာန်၌ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ချွင်းလင်(ခ)
ဒေါ်ထွေးမေ (မော်လမြိုင်)
အသက်(၇၉)နှစ်

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ ကျိုက်သန်လံဘုရားလမ်း၊ အမှတ် ၁၁ (အေ)နေ (ဦးကင်း-ဒေါ်မာအို)တို့၏ သမီး၊ [ကောင်းကျင်တောင်(ခ)ဦးကျင်အောင်]၏ဇနီး၊ ဦးဝင်းကြည်-ဒေါ်ရီမြင့်၊ ဦးရီချစ်-ဒေါ်ချိုချိုလွင်၊ ဦးရီကင့်-ဒေါ်ရွှေတင်၊ ဦးသန်းဝင်း-ဒေါ်ရီတင့်၊ ဦးသိန်းကို-ဒေါ်ရီထွေး၊ ဦးသန့်ဇင်-ဒေါ်ကျင်ကျင်တို့၏မိခင်၊ မြေး ၁၀ ယောက်တို့၏အဘွားသည် ၂၈-၅-၂၀၀၄ရက်(သောကြာနေ့)မွန်းလွဲ ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်မှ မုရောင်းအိန်တိန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်မြင့်မြင့်ရီ
(မမြင့်အထည်ဆိုင်၊မင်္ဂလာဈေး)
အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊မန္တလေးလမ်း၊အမှတ် ၁၇ နေ (ဦးသိန်းအောင်)၏ဇနီး၊ (ဦးအုန်းချို)-ဒေါ်ရိမ်တို့၏သမီး၊ ဦးမောင်မောင်-ဒေါ်ခင်ခင်တို့၏သမီးချွေးမ၊ (ဦးတင်ထွတ်)၊ ဒေါ်မြင့်မြင့်ကြည်တို့၏ ညီမ၊ ဦးရဲမြင့်-ဒေါ်ဝင်းဝင်းမြင့်တို့၏ အစ်မ၊ တူ တူမ ၂၀ တို့၏အဒေါ်သည် ၂၇-၅-၂၀၀၄ရက် (ကြာသပတေးနေ့)တွင် ဗဟိုရ်စည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၉-၅-၂၀၀၄ရက် (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တ ရေဝတမဟာထေရ် (ထားဝယ်)
သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၆၉)ဝါ

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ မိုးမခလမ်း၊ ဇေယျာသုခကျောင်းတိုက်၏ ဦးစီးပဓာနနာယက ရန်ကုန်မြို့၊ ထားဝယ်ဆရာတော်များဦးစီးသော ထားဝယ်ရဟန်းတော်များ နာရေးထောက်ပံ့မှုအသင်းနှင့် ပရိယတ္တိနုဂ္ဂဟစာမေးပွဲအောင် ဆုချီးမြှင့်ရေးအသင်း၏ ဩဝါဒါစရိယဖြစ်တော်မူသော ဘဒ္ဒန္တ ရေဝတမဟာထေရ်မြတ်သည် ၁၃၆၆ ခုနှစ် နယုန်လဆန်း ၅ ရက် (၂၃-၅-၂၀၀၄ရက်)တနင်္ဂနွေနေ့ နံနက် ၄း၀၅ နာရီတွင် အထက်ပါကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသွားပြီဖြစ်ပါ၍(၃၀-၅-၂၀၀၄ရက်) တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီတွင် ဇေယျာသုခကျောင်းတိုက်မှ ထိန်ပင်သုသာန်သို့ ပင့်ဆောင်၍မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (မော်တော်ယာဉ်များ ဇေယျာသုခကျောင်းတိုက်မှ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) တပည့်သံဃာတော်များနှင့်ဒါယကာဒါယိကာမများ။

ဒေါ်ခင်ခင်စိန်
အသက်(၈၀)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ အမှတ် ၈ (အေ)၊ ၁၂၈ လမ်းနေ(ဦးအောင်ကွန်း-ဒေါ်လှရင်)တို့၏သမီးကြီး၊ (ဗိုလ်မှူးမျိုးခင်၊ ငြိမ်း)၏ဇနီး၊ ဒေါ်ကြည်ကြည်ခင်(ဦးစောထွန်း)၊ဒေါ်ဖြူဖြူခင်(မြို့/အိုးဌာန)-ဦးစိုးမြင့်အောင်၊ ဒေါ်နီနီခင်-ဦးလှကြည်၊ ဦးနေအောင်ခင်-ဒေါ်ခင်ယုနိုင်၊ ဒေါ်ကေသီခင်(မြို့/အိုးဌာန)၊ ဒေါ်နွယ်နီခင်-ဦးကိုဝင်း၊ ဦးမင်းအောင်ခင်-ဒေါ်လဲ့လဲ့ပြုံးတို့၏မိခင်၊မြေး ၁၀ယောက်တို့၏အဘွားသည် ၂၈-၅-၂၀၀၄ရက် (သောကြာနေ့) နံနက် ၇း၄၅ နာရီတွင် ကန်သာယာဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃၀-၅-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒုတိယဗိုလ်မှူးကြီး အောင်ကြည် (ငြိမ်း)
ဗိုလ်သင်တန်းအပတ်စဉ်(၁၀)
အသက်(၇၆)နှစ်

ပျဉ်းမနားမြို့ (ဦးစံညွန့်-ဒေါ်ခင်ညွန့်)တို့၏သား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ စောမဟာလမ်း၊ ခြံအမှတ် ၁၅ နေ ဒေါ်ခင်ခင်အေး၏ခင်ပွန်း၊ ဦးသိုက်ထွန်း[ညွှန်/ချုပ်စက်မှု(၁)]-ဒေါ်ဝေဝေအောင်၊ ဦးတင်ဇော်အောင် - ဒေါ်သူဇာလွင်၊ ဗိုလ်မှူးမြင့်နိုင်-ဒေါ်နီလာအောင်၊ဦးကျော်သက်ဦး-ဒေါ်သီတာအောင်၊ ဦးတင်မော်အောင်-ဒေါ်စောမြတ်မြတ်မိုးတို့၏ဖခင်၊ မနေခြည်ထွန်း၊ မသက်ဆုပန်ထွန်း၊ မခင်ဝတီမောင်မောင်၊ မရွှန်းလဲ့ဝေ၊ မောင်မင်းခန့်ဘုန်း၊မောင်ကျော်လကျာ၊မငယ်ငယ်စံတို့၏အဘိုးသည် ၂၈-၅-၂၀၀၄ရက် ည ၈ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၅-၂၀၀၄ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်း သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်းဒါယကာကြီး
ဦးရန်နိုင်
လက်ထောက်မြို့ပိုင်(ငြိမ်း)
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
(သန်လျင်/ကျောက်တန်း)
အသက်(၆၃)နှစ်

ရန်ကုန်တိုင်း၊ ကျောက်တန်းမြို့၊ ဆင်ကန်ရပ်နေ (ဦးချစ်ညွန့်-ဒေါ်ရွှေမိ)တို့၏သား၊ (ဦးဟန်တင်-ဒေါ်တင်ရွှေ)တို့၏သားသမက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၅)ရပ်ကွက်၊ ဇော်ဂျီလမ်း၊ အမှတ် ၆၄၃ နေ ဒေါ်တင်အုံး(ရုံးအုပ်၊ ငြိမ်း၊ ကြေး/တိုင် ဦးစီး)၏ ခင်ပွန်း၊ ဦးကျော်စွာမြင့်(လဝက)-ဒေါ်အေးမိနိုင် (ဒေါ်ပုံ ထွေ/အုပ်)၊ ဒေါ်ဥမ္မာနိုင် (ခရိုင် ထွေ/အုပ်)၊ ဦးချစ်နိုင်-ဒေါ်မေသီသီလွင်၊ ဦးနိုင်လင်းအောင် (UNODC)-ဒေါ်အေးမြတ်နိုင်တို့၏ဖခင်၊မြေးလေးယောက်တို့၏အဘိုးသည် ၂၇-၅-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၅-၂၀၀၄ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြင့်မြင့် (ပခုက္ကူ)
အသက်(၇၀)

မန္တလေးမြို့နေ(ဦးချစ်-ဒေါ်ခင်တင့်)တို့၏သမီး၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ အိမ်အမှတ် ၂၃ နေ ဦးခင်မောင်ဝင်း-ဒေါ်သီတာစံ၊ ဦးမြသိန်း-ဒေါ်ဆွေဆွေဝင်း၊ ဦးကျော်ကျော်စိုး-ဒေါ်မော်မော်ချို၊ ဦးညီညီလွင်-ဒေါ်မေရီစိုး၊ ဦးစိုးမြင့်နိုင်-ဒေါ်ခင်သန္တာ၊ ဒေါ်ရီရီနွယ်စိုးတို့၏မိခင်၊ မြေး ၁၀ ယောက်တို့၏အဘွားသည် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ၂၈-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်စိန်မြင့်
အသက်(၅၉)နှစ်

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၁၃)ရပ်ကွက်၊အမှတ် ၈၀၆၊ကုန်းဘောင်လမ်းနေ(ဦးမောင်စံ-ဒေါ်အုန်းစိန်)တို့၏သမီး၊ (ဦးမောင်ထွန်း)-ဒေါ်ကျင်တို့၏သမီးချွေးမ၊ ဦးမြင့်လွင် (စွမ်းအားဘလောက်တိုက်)၏ဇနီး၊ ကိုသန့်ဇင် (မိုးစံပယ်ဘလောက်တိုက်)-မဝါဝါလွင်၊ ကိုအေးသိုက်-မချိုချိုလွင်၊ မညီညီလွင်တို့၏မိခင်၊ မောင်အောင်ထက်သူ၊ မောင်သော်ထက်တို့၏ အဘွားသည် ၂၆-၅-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈း၄၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၈-၅-၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

မောင်ကျော်သူရိန်
(မော်လမြိုင်)
(ဒုတိယနှစ်၊ စီးပွား/စီမံ၊ ဒဂုံတက္ကသိုလ်)
အသက်(၂၂)နှစ်

မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်း၊ အမှတ် ၅၄/အေ၊ သုတလမ်း၊ လှည်းတန်းရပ်နေ ဆရာဦးမင်းဇေယျာ-ဒေါ်မြသန်းတို့၏ သားငယ်သည် ၁၈-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒုအရာခံဗိုလ် စိုးစိုးနောင်
တပ်မတော်(ရေ)
အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ သန်လျက်စွန်း၊ အိမ်ထောင်သည်လိုင်း၊ အမှတ် ၁၃/၁၄ နေ (ဦးဘအောင်)-ဒေါ်အမာရီတို့၏သား၊ ဦးစိုးစိုးအောင်၏ ညီ၊ မနီနီအောင်၊ မဖြူဖြူအောင်၊ မရီရီအောင်၊ အခ/တကက ဇော်တင်အောင်တို့၏အစ်ကို၊ မအိအိစိုးနောင်၊ မောင်ရန်နောင်စိုး၊ မအိသက်ဖြိုး၊ မောင်မင်းခန့်တို့၏ဖခင်၊မောင်မင်းသုခ၏အဘိုးသည် ၂၇-၅-၂၀၀၄ရက် ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၅-၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် မင်္ဂလာဒုံ တပ်မတော်ဆေးရုံမှမင်္ဂလာဒုံစစ်သင်္ချိုင်းသို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူညီအစ်ကိုမောင်နှမများ။

ဦးကျော်နိုင်
အသက်(၄၃)နှစ်

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊(ဃ)ရပ်ကွက်၊ နွယ်နီ ၃ လမ်း၊ အမှတ် ၄၈၄ နေ (ဦးထွန်းကြည်)-ဒေါ်စန်းရင်တို့၏သား၊ (ဦးလှ-ဒေါ်ခင်စိန်)တို့၏ သားသမက်၊ ဒေါ်သီဂီလှ (ရွှေရည် ငံပြာရည်)၏ခင်ပွန်း၊မစန္ဒီကျော် (အထက-၁၊ မ/ဥက္ကလာပ)၊ မောင်သီဟကျော်(အထက-၁၊ မ/ဥက္ကလာပ)၊ မောင်ဒီပကျော် (အလက-၄၊ မ/ဥက္ကလာပ)တို့၏ဖခင်သည် ၂၇-၅-၂၀၀၄ရက်(ကြာသပတေးနေ့)ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၀၄ရက်(စနေနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ **R. 488**

စက်မှုကဏ္ဍမြင့်မားတိုးတက်၊ စက်မှုဇုန် ၁၉ဇုန်အထိ ဖွဲ့စည်းဖြစ်ပေါ်လာ ခေတ်မီအလုပ်ရုံများ ၂၀၀၄ မကုန်မီ အပြီးထူထောင်သွားတော့မည်ဖြစ် စက်မှုလယ်ယာစနစ် ကျယ်ပြန့်စွာဖြစ်ပေါ်ရေး လယ်ယာသုံးကိရိယာများထုတ်လုပ် လုပ်ငန်းများ လမ်းမှန်နည်းမှန် မြန်မြန်ဖွံ့ဖြိုးအောင် ဝိုင်းဝန်းကူညီ

ရန်ကုန် မေ ၂၈

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၂/၂၀၀၄)ကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာနသင်တန်းခန်းမ၌ကျင်းပရာ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များဖြစ်ကြသည့် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ရန်ကုန်မြို့တော်ဝန်၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် **စာမျက်နှာ ၈ ကော်လံ ၁** ●

အမှာစကား ပြောကြား

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်း စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်း အစည်းအဝေး အမှတ်စဉ် (၂/၂၀၀၄)တွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

လက်ဖွဲ့ဝန်းရံ အမျိုးသားညီလာခံ

မေ ၂၈ရက်က အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ဖြစ်သည့် နိုင်ငံရေးပါတီကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေး ကျင်းပရာ သဘာပတိ ဦးထွန်းရင်လောက အမှာစကားပြောကြားစဉ်။
(သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

ကမ္ဘာတစ်လွှားထူးထူးခြားခြား

အာသာငမ်းငမ်းဖမ်းယူစား

ဩစတြေးလျနိုင်ငံမြောက်ပိုင်း ဒါဝင်မြို့အနီးရှိအဒယ်လ်လိဒ်မြစ်ထဲ၌ ပစ်ကျွေးလိုက်သော အသားတုံးတစ်တုံးကို ကျင်လည်စွာ အာသာငမ်းငမ်း ဖမ်းယူစားသောက်နေသော ရေငန်မိကျောင်းတစ်ကောင်ကို မေ ၂၅ရက်က တွေ့ရစဉ်။
(အောက်ပုံ)
(ဓာတ်ပုံ–အင်တာနက်)



နိုင်ငံတကာအာကာသစခန်း

(အပေါ်ပုံ)မှာ နိုင်ငံတကာဆိုင်ရာ အာကာသစခန်းကို အမေရိကန်အာကာသ လွန်းပြန်ယာဉ်အင်ဒီဗားပေါ်မှ မေ ၂၆ ရက်က မြင်တွေ့ရပုံဖြစ်သည်။

ကာဇက်စတန်ရှိ ဘေကိုနာ အာကာသစခန်းမှအောင်မြင်စွာ လွှတ်တင်ထားသော နိုင်ငံတကာဆိုင်ရာ အာကာသစခန်းအတွက် ထောက်ပံ့ရေး ပစ္စည်းများကို အင်ဒီဗားက သယ်ဆောင်သွားခဲ့သည်။ **(ဓာတ်ပုံ–အင်တာနက်)**

လူမှုဘဝချမ်းသာရအောင် ဆေးလိပ်ဆေးရွက်ကိုရှောင် ဆေးလိပ်ကင်းဝေးကြို့ပြင်းရေး စုပေါင်းဆွေးနွေးပညာပေး

သတင်းဆောင်းပါး-စိန်ရွှေလှိုင်၊ ဓာတ်ပုံ-သိန်းဝင်း(ကျန်းမာပညာ)

ရန်ကုန် မေ ၂၈

မြန်မာ့ရုပ်မြင်သံကြားတွင် ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ ပညာပေးကို စိတ်ဝင်စားစွာကြည့်ရှုမိရင်း မေ ၃၁ ရက် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ကို သတိရမိသည်။ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ကို ကမ္ဘာနှင့်အဝန်း နိုင်ငံတကာတွင်ကျင်းပခြင်းသည် ဆေးလိပ်၏ဆိုးကျိုးများပြားမှုကြောင့်ပင် ဖြစ်သည်။ **စာမျက်နှာ ၁၃ ကော်လံ ၁** ■

“ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ထိခိုက်ရုံသာမက ငွေကုန်ကြေးကျလဲ များတယ်”

ဒေါက်တာဒေါ်ခင်သန်းဦး
(ညွှန်ကြားရေးမှူး)

ယနေ့ထုတ် ခေါင်ရေ

၂၀၀၃၄၅